
ချစ်သော
ပြည့်ရှင်မင်း
「STEPHANIE SKETCHES」

# စာရေးသူ၏အမှာ

ချစ်သောပြည့်ရှင်မင်း ဝတ္ထုသည် စာရေးသူ၏စိတ်ကူးယဉ်သက်သက်သာဖြစ်ပါသည်။

ဟံသာဝတီသမိုင်းနဲ့အင်းဝသမိုင်းကိုစော်ကားလိုစိတ်မရှိပါ။ပါဝင်တဲ့ဇာတ်ကောင်များကလည်း စာရေးသူရဲ့ဖန်တီးမှုသာဖြစ်ပါသည်။သမိုင်းနဲ့မသက်ဆိုင်ပါ။စိတ်ကူးယဉ်သက်သက်သာဖြစ်ပါသည်။

ဖူးငယ်ကရာဇဓိရာဇ်အရေးတော်ပုံကျမ်းနဲ့ဆရာချစ်ဦးညိုရဲ့ရာဇဝင်ဝတ္ထုတွေကိုလေ့လာပြီးဒီficလေးကိုရေးတာပါ။ဇာတ်လမ်းဇာတ်ကြောင်းကဖူးငယ်ရဲ့ကိုယ်ပိုင်ဇာတ်ကြောင်းဖြစ်ပြီးတချို့တိုက်ပွဲဝင်ပုံတွေကဆရာချစ်ဦးညိုရဲ့ရာဇဝင်ဝတ္ထုတွေကို referenceယူပါတယ်။

Referenceယူထားတဲ့စာအုပ်တွေကတော့ဆရာချစ်ဦးညိုရဲ့နှင်းကေသရာချစ်တဲ့သူရဲကောင်း၊မဏိစန္ဒာဥဒါန်း၊သုဝဏ္ဏဘုမ္မိဝေဒနာ။

ဆင်တွေရဲ့သဘောသဘာဝကိုလည်းစာအုပ်ပေါင်းများစွာဖတ်ပြီးလေ့လာထားတာပါ။ဆင်တွေရဲ့အကြောင်းကိုတော့ ဆရာလယ်တွင်းသားစောချစ်ရဲ့မယုံမရဲယုံမှရဲ စာအုပ်ကနေလေ့လာထားပါတယ်။ပွဲတော်တွေအကြောင်း၊ထိုးကွင်းမင်ကြောင်အကြောင်း၊လွန်ဆွဲပွဲအကြောင်း၊ချည်ထည်ရက်လုပ်ပုံအကြောင်းကိုလည်းများစွာလေ့လာပြီးကိုယ်ပိုင်အစွမ်းအစနဲ့ကြိုးစားရေးထားပါတယ်ရှင်။

အခု ဒီficလေးပြီးဆုံးသွားတဲ့အခါမှာလည်းတကယ်ကိုပျော်မိတယ်။

ficလေးကိုဖန်တီးတော့ ပြဿနာလေးတွေရှိခဲ့ပေမယ့် အောင်အောင်မြင်မြင် အပြီးသတ်နိုင်ခဲ့လို့ တကယ်ကိုဂုဏ်ယူမိပါတယ်။အားလုံးလည်း ဒီficလေးကိုဖတ်ပြီး ကျေနပ်ပျော်ရွှင်ကြလိမ့်မယ်လို့မျှော်လင့်ပါတယ်။

ချစ်ခြင်းများစွာဖြင့်

ဖူးငုံခင်

***

(၁)

တပေါင်းလတွင် လေရူးတို့မြူး၏။မြောင်းမြမြို့တွင်ကား လေပူလေရူးများက ဝေ့ဝိုက်တိုက်ခတ်နေသည်။ကောင်းကင်တွင် ကြယ်ရောင်လရောင်မရှိ လမိုက်ညဖြစ်လေသည်။ဗညားသတိုး ညအမှောင်ကိုခို၍ခြေသံကိုလုံစေလျက် မြောင်းမြမြို့ရိုးအပြင်ရှိ တောစပ်အပြင်ကိုထွက်လိုက်သည်။ဗညားသတိုး အဲမောင်းလှံကိုကိုင်ကာ ရာဇမနုလေးတော်ကို စလွယ်သိုင်းလွယ်ထားသည်။တောစပ်ရှိမြင့်မားသောသရက်ပင်ပေါ်သို့မျောက်တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာတက်သည်။သရက်ပင်ပေါ်တွင် မြဲမြံစွာနေရာယူကာ မြို့ရိုးအတွင်းသို့ အမြင်အာရုံအား အစွမ်းကုန်ဖွင့်လျက် စူးရဲစွာကြည့်သည်။

မြို့ရိုးအတွင်း မြင့်မားသောခံတပ်တစ်နေရာတွင် မြောင်းမြစားသမိန်မရူကို တွေ့ရသည်။မြောင်းမြစားက စိမ်းဖန့်သောကိုယ်ဝတ်ရုံတော်ကို ကျော့ရှင်းစွာဝတ်ထားသည်။မြို့ရိုးတစ်လျှောက်ရှိမီးတုတ်များက ဗညားသတိုးကို ရှင်းလင်းစွာမြင်နိုင်ရန် ကူညီပေးသည်။မြို့ရိုးအခြေတွင် သက်ကယ်ခနိမိုးထားသော တဲအိမ်မြင်းဇောင်းများရှိသည်။မြို့ရိုးကိုဝန်းရံထားသော ကျုံးကရန်သူတွေ အလွယ်တကူမဝင်ရောက်နိုင်အောင်တားဆီးထားသည်။

လေရူးကငြိမ်ပြီ။အရှေ့မှအနောက်ကိုသာ တူရူတိုက်ခတ်နေသည်။ဗညား

သတိုး လုံကိုမြေပြင်ပေါ်ပစ်ချလိုက်သည်။အဲမောင်းလုံသွားက မြေကိုထိုးစိုက်သွားသည်။ဗညားသတိုး ကျောပေါ်မှရာဇမနုလေးတော်ကိုကိုင်ပြီး မြားထိပ်ကိုမီးရှို့ကာ လေးညို့တင်သည်။ဗညားသတိုးပစ်လွှတ်လိုက်သည့်မီးမြားက ရာဇမနုလေးတော်မှလျှပ်စီးမိုးကြိုးအလား လျှင်မြန်စွာပျံသန်းကာ မြို့ရိုးအခြေရှိ တဲအိမ်ငယ်မြင်းဇောင်းများထံကျရောက်သွားပြီး မီးတောက်များစွဲလောင်လေသည်။ညအမှောင်ထဲတွင်ပင် ဗညားသတိုး၏လေးအတတ်မှာ တစ်ဖက်ကမ်းခတ်ပြောင်မြောက်သည်။

ပူပြင်းခြောက်သွေ့သည့်သက်ကယ်ခနိများမှာ မီးစကျရာတွင် တဖျောက်ဖျောက်အသံမြည်ကာမီးကြီးစွဲလောင်သည်။မြောင်းမြမြို့တပ်သားများက မြို့ရိုးတံခါးကိုဖွင့်ကာ မီးစွဲလောင်ရာတဲငယ်များကိုငြိမ်းသတ်ဖို့ရာကြိုးပမ်းကြသည်။မြင်းများမလန့်စေရန် ထိန်းသိမ်းကြသည်။

မြင်းဟီသံများ၊လူသံများ၊ရေသံများနှင့်မြောင်းမြမြို့ခံတပ်အပြင် အခြေတွင်မြင်ကွင်းကလှုပ်ရှားနေသည်။

ဗညားသတိုး မြေပေါ်ကိုဆင်းကာ အဲမောင်းလုံကိုကိုင်လျက် ကျုံးရေပြင်ကိုဖြတ်ကူးသည်။မီးတောက်ကြီးကိုကျောခိုင်းကာ ဝရုန်းသုန်းကားအခြေအနေကိုအကာအကွယ်ယူ၍ မြို့ရိုးတံခါးမှတဆင့်ခံတပ်ထိပ်ကိုတက်သည်။ခံတပ်ထိပ်တွင်ပုန်စားဝံ့သူမြောင်းမြစားကား ငုံ့လျက်မီးတောက်ကိုကြည့်နေ၏။မီးတောင်အရောင်ကြောင့် ခံတပ်တစ်ခုလုံးကိုပင်ရှင်းရှင်းလင်းလင်းမြင်နိုင်သည်။

"ဟေ့ ...မြောင်းမြစား"

ဗညားသတိုးကား အဲမောင်းလုံကြီးကိုဝင့်လျက် မြောင်းမြစားထံတစ်ဟုန်ထိုးဝင်သည်။

မြောင်းမြစားကဆောင်ဓားကိုအလျင်အမြန်ထုတ်ကာအဲမောင်းလုံသွားကို

ကာသည်။

"တယ် ဗညားသတိုး"

မြောင်းမြမြို့တပ်သားတချို့က မြောင်းမြမြို့စားတိုက်ခိုက်ခံရသည်ကိုမြင်သော် တိုက်ခိုက်နေကြသောလူနှစ်ယောက်ဘေးတွင် ဝန်းရံကာ ဗညားသတိုးကိုဓားများဖြင့်တိုက်ကြသည်။မြင်ကွင်းသည် ရုတ်တရက်အသွင်ပြောင်းသွားသည်။ဗညားသတိုး လက်ထဲမှအဲမောင်းလှံသည် လေကိုခွင်းကာအရှိန်နဲ့တိုက်ခိုက်သည်။လှံရိုးကိုပင်ပကတိမမြင်ရတော့။လှံသွားမှ သံမဏိအရောင်ကိုသာ မီးရောင်အောက်တွင်တလက်လက်မြင်ရပေသည်။

တပ်သားငယ်များမှာ ဗညားသတိုး၏လှံတစ်ကမ်းအကွာ အနီးတွင်ပင်မနေဝံ့ကြတော့။မြောင်းမြစား အတတ်နိုင်ဆုံးကာကွယ်တိုက်ခိုက်သည်။အချိန်ကြာလာနဲ့အမျှ လျင်မြန်သွက်လက်သောလှံသွားကို ရှောင်နိုင်စွမ်းမရှိတော့ပေ။ဗညားသတိုးလက်ထဲမှ အဲမောင်းလှံသွားက မြောင်းမြစားရင်ဝကိုစိုက်ဝင်သွားသည်။သွေးတို့သည်သွေးပျက်ဖွယ်စီးကျလာသည်။

"မြို့စား ကျပြီ"

"မြို့စား ကျပြီ"

"ပြေးကြဟေ့ တပ်ဆုတ်ကြ"

"မြို့ကိုစွန့်ခွာကြ"

မြောင်းမြမြို့တပ်သားများက အခြေအနေကိုကောင်းစွာသဘောပေါက်လျက် ကစဥ့်ကလျားဆုတ်ခွာပြေးကြသည်။ဗညားသတိုး အဲမောင်းလှံကိုဝင့်ကြွားစွာကိုင်လျက် မဲမဲမြင်ရာကိုထိုးဖောက်တိုက်ခိုက်သည်။ဗညားသတိုး အနီးရှိ

ရန်သူ့တပ်သားများမှာ အတုံးအရုံးလဲကျကုန်သည်။

"မြို့စားမင်းကျပြီ"ဟူသောအသံကား မြို့ရိုးတစ်လျှောက် တောမီးသဖွယ် အလျှင်အမြန်ပျံ့နှံ့သွားသည်။တောစပ်တစ်လျှောက် ပုန်းခိုကာနေရာယူထားသော ဟံသာဝတီတပ်သားများသည် ညာသံပေးလျက် မြောင်းမြမြို့ရိုးကို တိုက်ခိုက်သည်။

လုပ်ကြံသတ်ဖြတ်ခြင်းမှသည် မြို့သိမ်းတိုက်ပွဲအသွင်ပြောင်းသွားသည်။

ဓားသွားခြင်းထိသံ၊လှံသွားသံ၊စစ်မြင်းဟီသံ၊ရဲမက်တို့ကြွေးကျော်သံ၊ အော်ဟစ်သံတို့နှင့်

တပေါင်းညလမိုက်ကား ပြင်းထန်စွာသက်ဝင်လှုပ်ရှားနေသည်။

***

"သမိန်သံကောင်း"

"မှန်ပါ အိမ်ရှေ့မင်း"

"မြောင်းမြမြို့ကိုသိမ်းပြီးရင် ရာမညတိုင်းဆယ့်ကိုးတိုင်းကို ဟံသာဝတီနိုင်ငံတော်အဖြစ် စုစည်းနိုင်လေပြီလား"

"မှန်ပါ အိမ်ရှေ့မင်း ဟံသာဝတီရဲ့ဘုန်းတန်ခိုးဟာ ရာမညတိုင်းဆယ့်ကိုးတိုင်းမှာကျော်ကြားပျံ့နှံ့နေပါတော့မယ်"

အိမ်ရှေ့မင်းဗညားသတိုးရဲ့မျက်နှာက ငယ်ရွယ်မှုတို့ဖြင့် ရဲဝံ့တက်ကြွနေသည်။နှုတ်ခမ်းထောင့်တို့ကလည်း ရာဇမာန်ပြည့်ဝသောအပြုံးမျိုးကို ပြသသည်။ဗညားသတိုးမင်းသားကား သက်တော်ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။သက်တော်ဆယ့်ခြောက်နှစ်မှာပင် လက်ရှိဟံသာဝတီပြည့်ရှင်မင်းကြီးမစွမ်းနိုင်သည့် ရာမညတိုင်းဆယ့်ကိုးတိုင်းကို ဟံသာဝတီနိုင်ငံတော်အဖြစ်ပေါင်းစည်းနိုင်ခဲ့သည်။

မြောင်းမြမြို့သည် ယမန်နေ့ညကတိုက်ပွဲမဖြစ်ခဲ့သလိုပင် ပြောင်ရှင်း

သပ်ရပ်နေသည်။ဟံသာဝတီတပ်သားများက ညတွင်းချင်းအောင်ပွဲနှင့်အတူ ရှင်းလင်းကြသည်။မြောင်းမြစားအပြင် မြောင်းမြစား၏တူဖြစ်သူသမိန် မဏိသည်လည်းတိုက်ပွဲတွင်ကျသည်။

တရည်းမြို့ဒုန်ဝန်းမြို့တိုက်ပွဲတွင်လည်း

အိမ်ရှေ့မင်းဗညားသတိုးက ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

တပေါင်းလသည် နွေဦးဖြစ်လေသည်။လေရူးများက ကျုံးရေပြင်ပေါ်မှ ဖြတ်တိုက်ကာ ဗညားသတိုးမျက်နှာကို ပွတ်သပ်ကျီစယ်သွားသည်။

မြောင်းမြမြို့ကို အပိုင်သိမ်းနိုင်လိုက်ခြင်းကအိမ်ရှေ့မင်းဗညားသတိုး အတွက် ကြီးစွာသောအောင်ပွဲဖြစ်သည်။

ဟံသာဝတီပြည့်ရှင်ကို ပုန်စားဝံ့သောမြို့များထဲတွင်မြောင်းမြမြို့သည် အင်အားအကြီးဆုံးဖြစ်သည်။သည်လိုစစ်အင်အားကောင်းသည့် မြောင်းမြ မြို့ကိုဗညားသတိုးက သွေးသောက်စစ်သည်သုံးရာထဲနဲ့သိမ်းပိုက်လိုက် နိုင်သည်။

"သမိန်သံကောင်း"

"မှန်ပါ့ အိမ်ရှေ့မင်း"

"သင်ကဤမြောင်းမြကိုစားပါလေ ကိုယ်တော် ခမည်းတော်ကိုအစီရင်ခံဖို့ မြို့တော်ကိုပြန်မယ်"

"အမိန့်နာခံလျက်ပါ အိမ်ရှေ့မင်း"

"တပ်သားတွေကိုအောင်ပွဲခံဖို့သေရည်အလုံအလောက်နဲ့ မြောင်းမြမြို့က သိမ်းပိုက်ရသမျှရွှေငွေတို့ကို တစ်ဝက်ခွဲပြီး ဆုလာဒ်အညီအမျှချီးမြှင့်ပါလေ ကျန်တစ်ဝက်ကိုတော့ တိုင်းပြည်

ပဏ္ဏာအဖြစ် ကိုယ်တော်ဆောင်ယူသွားမယ်"

"ကျေးဇူးကြီးမားလှပါတယ် အိမ်ရှေ့မင်း"

သမိန်သံကောင်း  အိမ်ရှေ့မင်းဗညားသတိုးကိုဦးညွှတ်အရိုအသေပြုလေသည်။အိမ်ရှေ့မင်းဗညားသတိုး မြင်းနက်ကြီးပေါ်သွားခနဲခုန်တက်ကာမြင်းကိုအသော့နှင်လျက်ဟံသာဝတီနန်းတော်ကိုပြန်လေသည်။

***

ဟံသာဝတီနေပြည်တော်နန်းမြို့ရိုး၏အရှေ့မုခ်သည် ဘယ်သောအခါကမှသည်နေ့လောက်လူမစည်ကားမအုံကြွခဲ့။နန်းမြို့ရိုးတစ်လျှောက်တွင်

ကြက်သွေးရောင်အလံများက  ဝံ့ကြွားစွာတလွင့်လွင့်။သူရဲခို၊ရှေ့မုခ်မြို့ရိုးတွင်  လူအားလုံးသည်  စုရုံးရောက်ရှိနေကြသည်။အားလုံးရဲ့မျက်နှာတွင်လည်း ဂုဏ်ယူဝံ့ကြွားဟန်အပြည့်။

ဗညားသတိုးမင်းသားမြင်းနက်ကိုစီးကာ နန်းမြို့ထဲဝင်လာသည်ကို လူအများကစိတ်ဝင်တစားကြည့်နေကြသည်။ဗညားသတိုးရဲ့ဘေး

တစ်ဖက်တစ်ချက်တွင် ညာလက်ရုံးသမိန်သူရနဲ့ဘယ်လက်ရုံးသမိန်သူရိန်က မြင်းညိုကြီးကိုစီးကာဝန်းရံလိုက်ပါလာသည်။

နောက်တွင်ကား  အလံတလွင့်လွင့်ကိုင်ဆောင်ထားကြသောဟံသာဝတီတပ်။

လူထုကြီးရဲ့စစ်အောင်ပွဲကြိုဆိုပုံက  ကျေနပ်အားရစရာပင်။လူထုရဲ့သဲသဲလှုပ်ကြိုဆိုသံ၊ဟစ်ကြွေးကောင်းချီးပေးသံ၊စည်တီးသံ၊ခရာသင်းမှုတ်သံတို့ကသောင်းသောင်းဖြဖြ။

"အိမ်ရှေ့မင်းဗညားသတိုးက မြောင်းမြစားကိုအနိုင်ယူခဲ့တာတဲ့"

"အိမ်ရှေ့မင်းလက်ထဲကအဲမောင်းလှံက စကြာအလားဆိုဘဲ"

"အိမ်ရှေ့မင်းဗညားသတိုးရှိနေသ၍ ဟံသာဝတီပြည်ကြီးအေးချမ်းနေတာ

ဘဲ"

"ဘယ်သူပုန်စားဝံ့သလဲဟေ့ အိမ်ရှေ့မင်းဗညားသတိုးသုတ်သင်တာခံရမယ်"

ပြည်သူတွေရဲ့အသံကို ဗညားသတိုးတို့တစ်ချက်တစ်ချက် ကြားနေရသည်။

လုံမပျိုလေးတစ်သိုက်က ပန်းပွင့်လေးများကို

ဗညားသတိုးတို့လမ်းပေါ်ကြဲချသည်။ဗညားသတိုး ပန်းပွင့်တို့လာရာအရပ်ဆီ အကြည့်ပို့လိုက်သောအခါ လုံမလေးတစ်စုကရှက်ပြုံးလေးတွေနှင့်ခေါင်းလေးငုံ့သွားကြသည်။

"အိမ်ရှေ့မင်း ဒီတစ်ခါစစ်အောင်ပွဲကတော့သိပ်ကြီးကျယ်တာဗျို့ အောင်ပွဲလည်းရပြီ မရီးတော်ရဖို့ဘဲကျန်တော့တယ်"

သမိန်သူရကမြင်းဇက်ကြိုးကို ဖြေလျှော့လျက် ပန်းပွင့်တို့လာရာအရပ်ဆီမျှော်ကြည့်ရင်းခပ်ပြုံးပြုံးပြောသည်။

"သမိန်သူရ ကိုယ်တော့်အတွက်ပူမနေလေနဲ့ သမိန်သူရသာအဖြစ်ရှိအောင်စွမ်းပါလေ ကိုယ်တော်သဘောကျလေတာက စစ်ပွဲဘဲ"

ဗညားသတိုးကလည်း ပြုံးစစပြောသည်။

"တော်ပါဗျာ အရှင့်သား ဒီညသေရည်အဝတိုက်ရင်ဖြင့် ကျွန်တော်မျိုးအတွက် လုံလောက်ပါပြီ"

"သမိန်သူရတော့ သေရည်ရူးဖြစ်တော့မှာဘဲ အိမ်ရှေ့မင်း"

"ရူးပါစေ ကိုယ်တော် ဒီညအဝတိုက်မယ်"

"အိမ်ရှေ့မင်း ကတိတည်ပါစေ ဟား ဟား"

သမိန်သူရက ဝမ်းသာအားရရယ်သည်။

မြောင်းမြကိုစစ်ချီရန် ဗျူဟာဆွဲသည့်အချိန်ထဲက အိမ်ရှေ့မင်းကသေရည်ကိုတားမြစ်ထားသည်။သည်ညတော့ စစ်အောင်ပွဲနဲ့အတူအမူးသောက်မည်။

ဗညားသတိုးနှင့်သမိန်သူရတို့သည် ငယ်စဉ်ထဲကပင် စိတ်တူကိုယ်တူသွေးသောက်များဖြစ်လေသည်။ ညီနောင်သွေးရင်းတွေနှင့်မခြားနီးကပ်သောဆက်ဆံရေး ရှိသည်။တစ်ပါးသူတို့မပြောဝံ့သော အရေးကိစ္စများကိုလည်း သမိန်သူရနှင့်သမိန်သူရိန်တို့က ပြောဝံ့သည်။

ဗညားသတိုး မြင်းကိုခပ်သွက်သွက်လေးစီးကာ နန်းတော်တွင်းကို ဝင်လေသည်။ခမည်းတော်မင်းကြီးက နန်းတော်တွင် စစ်အောင်ပွဲဂုဏ်ပြုသဘင် ကျင်းပနိုင်ရန်စီစဉ်ထားသည်။

ဗညားသတိုး မြင်းနက်ပေါ်မှဆင်းကာမြင်းဇက်ကြိုးကို သမိန်သူရိန်လက်ထဲထည့်သည်။

သမိန်သူရိန်ကမြင်းနက်ကိုဆွဲကာ မြင်းဇောင်းရှိရာအရပ်သို့ လျှောက်သွားသည်။

ဗညားသတိုး မဟာသူရနန်းဆောင်ထဲဝင်သည်။ ဗညားသတိုးရဲ့နန်းဆောင်တွင် ပြောင်လက်သောအဆင်တန်ဆာမရှိ။ရိုးရှင်းသောအခန်းပင်ဖြစ်သည်။ကြီးမားသည့်ကျွန်းသလွန်တစ်လုံး၊စစ်ဗျူဟာပေစာလိပ်များအထပ်လိုက်တင်ထားသည့်စင်ကြီးတစ်ခု၊လက်ရာမြောက်စွာထုဆစ်ထားသော ကျွန်းစားပွဲကြီးရှိလေသည်။

ကျောပေါ်မှရာဇမနုလေးတော်ကို ကျွန်းစားပွဲပေါ်တင်သည်။ဆောင်ဓားကိုလည်း သလွန်ဘေးချသည်။လေးလံစွာဝတ်ဆင်ထားသည့်ချပ်ဝတ်တန်ဆာတို့ကို ချွတ်ကာရေချိုးဆောင်တော်ထဲဝင်လေသည်။

မြောင်းမြတိုက်ပွဲတွင် အနိုင်ရခဲ့ပေမယ့် ဗညားသတိုး ကိုယ်ခန္ဓာတွင်

ဒဏ်ရာမရှိ။ဗညားသတိုးရဲ့အထိန်းတော်ကြီးဒေါနက ချပ်ဝတ်များကို သိမ်းဆည်းသည်။ပြီးလျှင်စစ်အောင်ပွဲသဘင်၌ ဝတ်ဆင်ရန် ဝတ်လဲတော်များကို ပြင်ဆင်ပေးပြီးဆောင်တော်အပြင်ထွက်သည်။ဗညားသတိုး ဝတ်လဲတော်များကို ဝတ်ဆင်သည်။အတောင်နှစ်ဆယ်ရှည်လျားသည့် ငွေချည်ဖောက်တောင်ရှည်ပုဆိုး၊ဖြူဥသောကိုယ်ဝတ်၊ရွှေဖောင်းစလွယ်ကြိုးကို ဆင်ယင်လိုက်သောအခါ ဗညားသတိုးသည်အိမ်ရှေ့မင်းဂုဏ်ပုဒ်နဲ့ လျော်ညီစွာတင့်တယ်ပေသည်။

ခေါင်းပေါင်းပဝါစကို သေသပ်စွာပေါင်းသည်။ ဆံချည်မျှင်တစ်မျှင်မျှ ပဝါစအပြင်တွင် လွတ်မနေပေ။

***

"မင်းကြီး အိမ်ရှေ့မင်း တွေ့ခွင့်တောင်းနေပါတယ်"

"ဝင်စေ"

အထိန်းတော်ကြီးက ဗညားသတိုးမင်းသားကိုဝင်စေပြီး နန်းဆောင်အပြင်ထွက်လေသည်။

"ခမည်းတော်"

"သားတော် မြောင်းမြတိုက်ပွဲသတင်းကမွေးပျံ့လှချည်လား"

"အားလုံးရဲ့ကြိုးပမ်းမှုကြောင့်ပါ"

"နှိမ့်ချမနေလေနဲ့"

ခမည်းတော်က ဗညားသတိုး ပခုံးကိုရင်းနှီးစွာဖျစ်ညှစ်သည်။ခမည်းတော်ရဲ့မျက်နှာတွင် ရာဇမာန်မရှိ။ဖခင်တစ်ဦး၏နွေးထွေးမှုသာ နေရာယူထားသည်။

"အင်းဝဘုရင်ဟာလည်း သားတော်ဆယ့်သုံးပါးကြောင့်သိပ်မာန်ထလွန်း

တယ် ခမည်းတော်ထံမှာကသားတော်တစ်ပါးထဲ"

စကားလမ်းကြောင်း မသင့်သည့်စကားကြောင့်

ဗညားသတိုးနားမလည်။

"ဘာကိုဆိုလိုပါသလဲ ခမည်းတော်"

"အင်းဝဘုရင်က ခမည်းတော်တို့ဟံသာဝတီကိုလာမတိုက်နိုင်ဘူးလို့မဆိုနိုင်ဘူး သားတော်"

"ဒါဆိုသင်းတို့စမတိုက်ခင် သားတော်တို့အင်းဝကိုစစ်ချီမယ် ခမည်းတော်"

"မလိုပေဘူး သားတော် စစ်အောင်ပွဲဂုဏ်ပြုသဘင်ပြီးလေမှ အင်းဝနန်းတော်ထဲကို လူယုံတစ်ယောက်လွှတ်ပြီး ရန်သူ့သဘောကိုထောက်လှမ်းပါလေ"

"သားတော်ကိုယ်တိုင်သွားခွင့်ပြုပါ ခမည်းတော်"

"နန်းရေးရာတွေကိုပစ်ထားမလို့လား သားတော်"

"ယခုဆို သားတော်တို့ဟံသာဝတီဟာအေးချမ်းပြီ ပြင်ပရန်ကိုသာပူနေသင့်တယ် သားတော်တစ်ဦးထဲမဟုတ်ဘူး သမိန်သူရနဲ့သမိန်သူရိန်ကိုပါ

သားတော်ခေါ်သွားမယ် စိတ်မပူလေနဲ့ ခမည်းတော် သားတော်ရဲ့အစွမ်းအစကိုယုံကြည်ပါ"

"အင်းဝဘုရင်ရဲ့သား မင်းရဲကျော်ထင်ဟာသိပ်ကိုစစ်ရေးအတတ်မှာကျွမ်းကျင်လေတယ် သားတော်ကိုဘေးဖြစ်စေမှာ ခမည်းတော်စိုးရိမ်တယ်"

"ခမည်းတော် ယခုသွားမှာကစစ်မြေပြင်မဟုတ်ဘူး အင်းဝနန်းတွင်းဖြစ်တယ် သားတော်ဥပါယ်နဲ့ကြိုးပမ်းပါမယ်"

"ကောင်းပြီသားတော်"

ဗညားသတိုး ခမည်းတော်ကိုဦးညွတ်အရိုအသေပေးကာ နန်းဆောင် အပြင်ထွက်သည်။ခမည်းတော်က သားသမီးရတနာကိုသက်တော်ကြီးရင့် ခါမှရလေသည်။ဒါကြောင့်ဗညားသတိုး ငယ်စဉ်ထဲကပင်စစ်ရေးစစ်ရာကို ကြိုးစားသင်ခဲ့ရသည်။ပင်ကိုပါရမီထက်မြတ်တာရော နားလည် သဘောပေါက်နိုင်စွမ်းမြင့်မားတာကြောင့်ပါ ဆယ်နှစ်သားအရွယ်မှာပင် စစ်ချီနိုင်ခဲ့သည်။အဲမောင်းလှံကိုဗညားသတိုးလောက် ကျွမ်းကျင်စွာသုံးနိုင် သူ ဟံသာဝတီတွင်မရှိ။လေးအတတ်တွင်လည်းပြိုင်စံရှားလေသည်။

ဗညားသတိုး ဂုဏ်ပြုသဘင်ရောက်တော့ အစောင့်ရဲမက်တွေက ကိုင် ဆောင်ထားသည့်အဲမောင်းလှံရှည်များကို မြှောက်ကာ အရိုအသေပြုသည်။ သဘင်ခန်းမထဲက ပွင့်အံထွက်လာသည့်တေးသံများ၊လက်ခုပ်လက်ဝါးတီး သံများ၊ကြွေးကြော်အော်ဟစ်သံများ၊ဗလုံးဗထွေးပြောသံများ၊စစ်အောင်ပွဲ ကြွေးကြော်သံများနှင့် ပွက်ပွက်ညံနေသည်။သမိန်သူရက သေရည်မူးကာ အပျိုတော်လေးတွေကို ကျီစယ်နေသည်။သမိန်သူရိန်ကတော့ခပ်အေးအေး နေကာ သေရည်ကိုသာသောက်နေသည်။

"အိမ်ရှေ့မင်း"

"အိမ်ရှေ့မင်းလာပြီဟေ့"

အားလုံးကဗညားသတိုးကိုမြင်ရင်ဘဲ ပိုလို့တက်ကြွလာကြသည်။ဗညား သတိုးကို ဦးညွတ်ကာအရိုအသေပြုကြသည်။ဗညားသတိုး အားလုံးကို လက်ဝှေ့ယမ်းပြကာ။

"လွတ်လွတ်လပ်လပ်နေပါလေ"

ဗညားသတိုး သဘင်တစ်နေရာတွင် နေရာယူကာစစ်သည်ဗိုလ်ပါများနဲ့ အောင်ပွဲကို ပျော်ရွှင်စွာ ဆင်နွဲသည်။သဘင်ခန်းမရဲ့အလယ်ဗဟိုတွင် ကချေသည်များက ကပြဖျော်ဖြေနေကြသည်။ကချေသည်တွေရဲ့ခြေချင်းခြူ

သံတွေက စည်တို၊ခွက်ခွင်းသံတွေနဲ့အပြိုင် စည်းချက်လိုက်ကာသာယာငြိမ့် ညောင်းဖွယ် သံစုံမြည်နေသည်။ပရိသတ်များဟာလည်း ကချေသည်များရဲ့ အကအလှတွင် မျောကာလက်ခုပ်လက်ဝါးတီး အော်ဟစ်ကြွေးကြော်ကြ လေရဲ့။

သေယစ်နေသည့်သမိန်သူရိန်ကလည်း သေရည်တကောင်းကိုကိုင်ကာ နန်းတွင်းသူတစ်ယောက်ကိုခါးမှဆွဲဖက်ထားသည်။ဗညားသတိုးသဘင်ပွဲ တစ်ခုလုံးကို ခြုံငုံကြည့်လေသည်။လူတိုင်းမျက်နှာက အပြုံးတွေနှင့်အပျော် ကြီးပျော်နေကြသည်။

ဟံသာဝတီ သည်လိုမပျော်ခဲ့ရတာကြာလေပြီ။အင်အားဆုတ်ယုတ်လာသ ည့်တိုင်းပြည်ကြောင့်

ပုန်စားသောမြို့တွေကလည်းများသည်။ဗညားသတိုး နန်းတက်ရင်တော့ ခမ်းနားသည့်ဟံသာဝတီပြည်ထောင်ကိုတည်ထောင်မည်။အင်အားတောင့် တင်းအောင်လုပ်ကာ အင်းဝကိုစစ်ချီမည်။အရာအားလုံးအုပ်စိုးနိုင် သော ပြည့်ရှင်မင်းတစ်ပါးဖြစ်ရန် ဗညားသတိုး ကြိုးပမ်းမည်။ယခုဆို ရည်မှန်းချက်တစ်ဝက်ရောက်ပြီ။ပုန်စားသူမြို့များကို ဗညားသတိုးသိမ်းနိုင် ခဲ့ပြီ။

အမဲဟင်းလျာနံ့၊သေရည်နံ့၊နံ့သာနံ့တွေကလည်းရောထွေးလို့ သဘင် ခန်းမကြီးက သက်ဝင်လှုပ်ရှားနေသည်။ဗညားသတိုး သေရည်ခွက်ကိုကိုင် ကာ တစ်ခွက်မော့လိုက်သည်။အောင်မြင်မှုတွေပါဝင်သည့်သေရည်က ဗ ညားသတိုးရင်ကိုစစ်သွေးမာန်များ ဆူဝေစေသည်။

***

(၂)

မင်းရဲကျော်ထင် ဆင်တော်နဲ့ဆင်ဖမ်းသမားများကို အကဲခတ်နေသည်။ ဖျင်ကြမ်းအဝတ်အထည်နှင့်ဆင်ဖမ်းပေးသည့်လုလင်ပျိုသုံးယောက်က ရိုရိုကျိုးကျိုး ဦးညွှတ်နေကြသည်။မင်းရဲကျော်ထင် ပြည်မြို့အနီးတွင် ဆင်ဖြူတော်ပေါ်သည် သတင်းရ၍ လာဖမ်းရာပြည်မြို့ရောက်တာနှင့် လုလင်ပျိုသုံးယောက်က ဆင်တော်ကိုလက်ရဖမ်းပြီး မင်းရဲကျော်ထင်ကို ဆက်သသည်။လုလင်ပျိုသုံးယောက်က ငယ်ရွယ်ပြီးလျင်မြန်သွက်လက်ပုံ ပေါ်သည်။

မင်းရဲကျော်ထင်ပြုံးလိုက်သည်။

'ဆင်တော်လည်းရ လူတော်လည်းရ ယနေ့တော့ကံကောင်းချက်'

မင်းရဲကျော်ထင် ထိုလူသုံးယောက်ထဲမှထူးခြားသော ကိုယ်ရှိန်ဝါရှိသည့် လုလင်ပျိုကိုမေးသည်။

"အဆွေတို့နာမည်ဘယ်လိုခေါ်သလဲ"

"ကျွန်တော်မျိုးက သတိုးပါ ဒီဘက်ကနှစ်ယောက်က သူရနဲ့သူရိန်ပါ"

လုလင်ပျိုကစိုးရွံ့ဟန်မရှိ။ရဲရင့်တည်ကြည်သည့်မျက်နှာပေါက်ရှိလေသည်။မင်းထင်ကျော်စွာသဘောကျသွားသည်။

"ကောင်းပြီ အဆွေတို့ ကိုယ်တော်နဲ့နန်းတော်လိုက်ခဲ့ ဆင်တော်ထိန်းရာထူးသူကောင်းပြုမယ်"

"ကျေးဇူးကြီးမားလှပါတယ် အရှင့်သား"

မင်းရဲကျော်ထင် ဆင်တော်အနားကိုသွားကာအကဲခတ်သည်။ဆင်တော်က ကြင်အင်လက္ခဏာကောင်းသည်။တောတွင်းဆင်နှင့်တော့မတူဘူးလို့ ထင်မိသည်။ဆင်ကထူးထူးခြားခြား အညိုရောင်သန်းသည်။အလုံးအရပ်က စစ်ထွက်ရာတွင်သုံးရန် အသင့်တော်ဆုံးဆင်မျိုးဖြစ်သည်။မင်းရဲကျော်ထင် သဘောကျကာနန်းတော်ကိုဆောင်ယူသွားလေသည်။

အင်းဝမြို့တန်ခူးနေက ပူပြင်းလွန်းပါသည်။

ဟံသာဝတီပဲခူးနေပြည်တော်ထက်ကို သိသိသာသာပူသည်။နန်းမြို့ရိုးတစ်လျှောက်တွင် အနီရောင်တံခွန်အလံများကို မြင်နိုင်သည်။လှံရှည်ကိုင်ဆောင်ထားသည့် ကင်းတပ်တွေဟာလည်း

အရပ်လေးမျက်နှာ နန်းတော်မုခ်ဦးတွေတွင်အပြည့်။မင်းရဲကျော်ထင်ကို မြင်ကြတော့ အစောင့်တပ်တွေကအရိုအသေပေးကာ နန်းတော်မုခ်တံခါးကို ဖွင့်ပေးသည်။

မင်းရဲကျော်ထင် နန်းတော်မြောက်အရပ်ရှိဆင်စခန်းကိုဦးတည်လေသည်။ဆင်ကိုထိန်းသိမ်းရင်း ဆင်စခန်းရှိရာကိုဗညားသတိုးတို့ဝင်လာသည်။နန်းတော်ပြသာဒ်တွေက ရွှေရောင်ဖိတ်ဖိတ်တောက်ကာခမ်းနားသည်။သူရနဲ့သူရိန် အင်းဝနန်းတော်ကို ငေးရင်းတအံ့တသြဖြစ်နေသည်။

"အင်းဝသားတွေက ထူးထူးခြားခြားတွေနှစ်သက်ကြတယ်ထင်တယ် ဗိသုကာလက်ရာတွေကား ထူးခြားပါဘိ"

"သူရ အခုချိန်ကျုပ်တို့တွေလည်း အင်းဝသားဆိုတာမေ့မနေလေနဲ့ အပြောအဆိုဆင်ခြင်စမ်းပါလေ"

"မမြင်ဖူးလို့ပြောတာပါ သူရိန်ရဲ့"

သူရက ပြုံးဖြီးဖြီးလုပ်သည်။သည်အချိန် သူရနဲ့သူရိန်တို့ကို စစ်သူကြီးတွေ

လို့ပြောလျှင် မည်သူမှယုံမည်မထင်။ငယ်ရွယ်သော လုလင်ပျိုအသွင်သာ ရှိသည်။အင်းဝနန်းတော်အဆောက်အအုံတွေက ရိုးရှင်းသောဟံသာဝတီနန်းဆောင်တွေနဲ့မတူ ထူးကဲလှပသည်။ကြွယ်ဝအင်အားကြီးသောနိုင်ငံ ဖြစ်တာနှင့်အညီ ရွှေရောင်တောက်သည့်စေတီပုထိုးများကိုလည်း နေရာအနှံ့တွေ့နိုင်သေးသည်။နန်းတွင်းသူတွေသည်လည်း တစ်ပတ်လျှိုဆံထုံးကြက်သွေးရောင်အဆင်းရှိလုံချည်တွေနှင့် လှပသည်။

ဆင်စခန်းတွင် ဆင်စုစုပေါင်းသုံးဆယ် ရှိသည်။မင်းရဲကျော်ထင်တို့ ဆင်စခန်းထဲဝင်လာတော့ မင်းသားငယ်တစ်ပါးက ခွန်အားဗလကြီးမားသည့်ဆင်ပေါ်မှ ဆင်းကာမင်းရဲကျော်ထင်အနီးကိုလျှောက်လာသည်။

"နောင်တော် ဆင်တော်ကတယ်လှပါလား"

"ဟုတ်တယ် ညီတော်မင်းရဲဗလ ဒီကလုလင်ပျိုသုံးယောက်က လက်ရဖမ်းပေးတာဘဲ"

"တယ် အရည်အချင်းရှိပေကိုး နောင်တော်ရဲ့ ကျောက်ရိုင်းတုံးတွေဆိုတော့ သွေးပေးရဦးမယ်"

"အမှန်ဘဲ ဗလ ယခုရလာတဲ့ဆင်တော်ကို

ညီထွေးလေးကိုပေးဖို့ ယဉ်အောင်သင်ကြားပါ"

"ညီထွေးလေးတော့ ပျော်နေရော့မယ်"

မင်းရဲဗလ ဗညားသတိုးတို့ကိုကြည့်ကာ ဘေးမှဆင်ထိန်းတစ်ဦးကို အမိန့်ပေးလိုက်သည်။

"အသင်တို့သုံးယောက် မြို့ရှင်ကျော်စွာနောက်လိုက်သွား မြို့ရှင်ကျော်စွာဆင်စခန်းမှာ

သူတို့သုံးယောက်ကိုနေရာပေးရော့"

"မှန်ပါ မင်းသား"

ဗညားသတိုးတို့ မြို့ရှင်ကျော်စွာဆိုသူနောက် ခပ်သွက်သွက် လိုက်သွားသည်။ဆင်စခန်းသည် အလွန်ကျယ်သည်။ဆင်ဦးစီးငယ်များ နေထိုင်ရာအဆောင်က တန်းလျားသဘောရှိသည်။ ကျွမ်းကျင်သောဆင်ဦးစီး ဖြစ်မှသာလျှင်

ဆင်စခန်းအတွင်းတွင် ကိုယ်ပိုင်အဆောင်ရနိုင်သည်။ပြောင်လက်နေသော ကျွန်းအဆောင်တန်းလျားသည် လူအယောက်နှစ်ဆယ်ခန့်ဆန့်သည်။ ဗညားသတိုး မြို့ရှင်ကျော်စွာနေရာချပေးသည့်အတိုင်း နေရာယူသည်။

"အသင်တို့ ဒီဆင်စခန်းမှာအကြီးအကဲကကျုပ်မြို့ရှင်ကျော်စွာ အပြင်က မင်းရဲကျော်ထင်မင်းသားက အင်းဝဘုရင်ရဲ့အကြီးဆုံးသားတော် မင်းရဲဗလမင်းသားကသားတော်အလတ် ဆင်စခန်းကိုဦးစီးနေတဲ့မင်းသားနှစ်ပါး အသင်တို့အပြစ်မပြုကြလေနဲ့ မင်းသားနှစ်ပါးကကျွမ်းကျင်လိမ္မာသူတွေကို နှစ်သက်ပေတယ် အသင်တို့ကြိုးစားရင် သူကောင်းပြုခြင်းခံရလိမ့်မယ် သစ္စာရှိပြီးကြိုးပမ်းကြပါလေ"

"ဟုတ်ကဲ့ပါ မြို့ရှင်"

မြို့ရှင်ကျော်စွာက ဆင်ဦးစီးတွေဝတ်ရမည့်ဝတ်စုံကိုထုတ်ပေးပြီး ဆောင်တော်အပြင်ထွက်သွားသည်။

ထိုအခါမှ သူရိန်ကဗညားသတိုးကိုစကားစသည်။

"အိမ်ရှေ့မင်း"

"သတိုး ကိုယ်တော့်နာမည်ကသတိုး"

"မှန်ပ့ါ သတိုး"

"သည်ဆင်စခန်းမှာရှိနေသ၍ ကျုပ်တို့မင်းရဲကျော်ထင်ရဲ့စစ်ရေးခြေလှမ်း

တွေကိုသိနိုင်တယ်မလား ဘယ်အခြေအနေအထိသိပြီးသွားရင်ပဲခူးပြန်မလဲ"

"သူရိန် မင်းကရောက်လာတာတောင်နေ့မကူးသေးဘူး ပြန်ချင်နေပြီလား"

"မဟုတ်ပါဘူး သူရရဲ့သိချင်လို့ပါ"

"ကျုပ်တို့ ဟံသာဝတီကိုစစ်မက်ခင်းမခင်းကျိန်းသေရင်ပြန်မယ် သူရိန်"

"ဟုတ်ကဲ့ပါ"

မင်းရဲဗလ နောင်တော်ကြီးဆောင်ယူလာသည့်ဆင်တော်ရဲ့ဦးကင်းထက်တွင် ထိုင်ကာကျုံးသွင်းနေသည်။မင်းရဲဗလ ချွန်းကိုကျွမ်းကျင်စွာပေါက်ရင်းဟတ္တသေနင်္ဂသဘာဝကျွမ်းကျင်သည့်မင်းသားပီပီ ဆင်တော်ကိုထိန်းချုပ်နေသည်။ဆင်ကျုံးအပြင်ဘက်တွင် ဆင်ဦးစီးများ၊ဆင်ကဲများကအားပေးကာဝိုင်းကြည့်နေသည်။

မင်းရဲဗလရဲ့ချွန်းက ချွန်ထက်နေပြီးဦးကင်းကိုတစ်ချက်ပေါက်လိုက်တိုင်းသွေးတွေကဖြာထွက်လာသည်။ဆင်တော်က နာကျင်လွန်းတာကြောင့်ဒေါသတကြီးဦးကင်းပေါ်က မင်းရဲဗလကို ပြင်းပြင်းထန်ထန်ခါချသည်။ဆင်ကျုံးထဲ မဝင်ဘဲခြေဆောင့်ကာ နှာမောင်းကိုကြမ်းကြမ်းတမ်းတမ်းဝှေ့ယမ်းပြီး ဦးကင်းပေါ်ကလူကိုဆန့်ကျင်သည်။ဆင်တော်ရဲ့တစ်ကိုယ်လုံးကယမ်းခါနေပြီး ဒေါသတကြီးအော်ဟစ်ကာ ရှေ့ခြေအစုံကိုမြှောက်၍တစ်ဟုန်ထိုးခါချလိုက်ရာမင်းရဲဗလ ဆင်ဦးကင်းထက်မှ ကျလေသည်။

မြေပြင်ပေါ်တွင်ကား မင်းရဲဗလ အကာအကွယ်မဲ့နေသည်။ဗညားသတိုးဆင်ကျုံးဝင်းအတွင်းသို့ အသံမျိုးစုံဖြစ်ဟစ်ကြွေးကာ ခုန်ချသည်။ ပရိသတ်တွေက အသက်တောင်မရှူရဲ။ဆင်တော်က ဗညားသတိုးကိုအာရုံစိုက်မိကာ

ဆင်ကျုံးဝင်းအတွင်း ဗညားသတိုးထံ တည့်တည့်ပြေးလာသည်။လွှဲယမ်းနေသည့်နှာမောင်းနှင့် ဆင်စွယ်ဖြူဖြူဖွေးဖွေးက ကြောက်မက်ဖွယ်ရာ။ဗညားသတိုး ဆင်တော်ရဲ့ဝှေ့ယမ်းနေသည့်နှာမောင်းကို အားပြုကန်ကာ ဆင်ဦးကင်းထက်ကို ခုန်တက်သည်။

ဗညားသတိုး ဆင်ဦးကင်းထက်မှနေ၍ ချွန်းဖြင့်ကျွမ်းကျင်စွာပေါက်ရင်း ဆင်ကိုထိန်းသည်။ဆင်တော်က အော်ဟစ်ရင်း ငြိမ်သက်လာသည်။ တဖြည်းဖြည်း ဆင်တော်ရဲ့လှုပ်ရှားမှုတွေလည်း ငြိမ်သက်သွားသည်။သွေးတွေက ရဲပတောင်းခတ်အောင်စီးကျနေပြီး ချွန်းကိုင်ထားသည့်ဗညားသတိုး လက်တွေပင် သွေးတို့ဖြင့်စိုစွတ်နေသည်။ဆင်တော်ကို ဆင်ကျုံးအတွင်း သွင်းနိုင်သွားသည်။ယခုအချိန်တွင် ဆင်တော်ကဗညားသတိုးရဲ့အမိန့်ကို အလုံးစုံနာခံသောအသွင်ရှိလေသည်။ကျုံးသွင်းပြီးသောအခါ ဗညားသတိုး ဆင်ပေါ်မှဆင်းသည်။

"သတိုး မင်းအပေါ်ငါ့အသက်အကြွေးတင်သွားပြီ"

"မခံယူဝံ့ပါမင်းသား"

မင်းရဲဗလ သတိုးရဲ့ဝါဖန့်သည့်အသားအရည်၊ ခံ့ညားသောမျက်နှာကို သတိထားမိသည်။ ကိုယ်ခန္ဓာကကြံ့ခိုင်ကာ ပေါ့ပါးဖျတ်လတ်သည်။၎င်းသတိုး၏မျက်နှာပေါက်တွင် စစ်သေနာပတိအရိပ်အယောင်များ ရနေသည်။

"လာခဲ့ သတိုး"

နားနေဆောင်တွင် မင်းရဲဗလသည်ရွှေရေတကောင်းကိုငုံ့ကာ ရွှေခွက်ထဲသွန်ချသည်။ပြီးမှ မော့ချလိုက်သည်။ရွှေခွက်ထဲ ရေပြန်ဖြည့်ပြီးသတိုးကိုပေးသည်။သတိုး ရွှေခွက်ကိုကိုင်ကာ မင်းရဲဗလကို လေးစားစွာကြည့်သည်။

"သောက်ရော့လေ"

ရေချမ်းက သတိုး လည်ချောင်းမှတဆင့်ဝမ်းဗိုက်တစ်လျှောက် အေးမြစေသည်။

"နက်ဖြန်ခါ ညီထွေးလေးလာရော့မယ် ဆင်တော်ကိုညီထွေးလေးလက်သေချာအပ်ပါ"

"မှန်ပါ့မင်းသား"

"မင်း ငါ့အမှုတော်ထမ်းရမယ် အသင့်ဘဲလား"

"အသင့်ပါမင်းသား"

"ညီထွေးလေးကို သေချာစောင့်ကြည့်ပါ"

"အမိန့်တော်အတိုင်းပါ"

"ဟား ဟား ဟား ငါတော့လူတစ်ယောက်ရလိုက်တာဘဲ"

မင်းရဲဗလ အားရပါးရရယ်သည်။သတိုးက ရဲစွမ်းသတ္တိနဲ့ပြည့်စုံသည်။မင်းရဲဗလသာ သေချာမြှောက်စားလျှင် မိမိဘက်တော်သားအဖြစ် အသုံးချနိုင်သည်။

ဗညားသတိုးကတော့ တိတ်တဆိတ်သာအကဲခတ်နေသည်။မင်းရဲဗလရဲ့မျက်ဝန်းတွေက ရက်စက်ဟန်ပေါ်သည်။လောဘရိပ်မြူးသည်။စစ်ရေးရာတွေကိုမသိရလေပါဘဲ နန်းတွင်းအရှုပ်တွေထဲပါသွားရင်ဖြင့် ဗညားသတိုးအတွက် ခက်ချေပြီ။

'အင်း မီးစင်ကြည့်ကရမှာဘဲ'

"သတိုး မင်းသားက ဘာတွေပြောလိုက်လဲ"

"မင်းသားအငယ်ဆုံးကိုစောင့်ကြည့်ဖို့မှာလိုက်တယ် မကြာခင် အင်းဝနန်းတွင်းကြီးထူးခြားတော့မယ်ထင်တယ်"

"ကျွန်တော်မျိုး မဟုတ်ဘူး ငါတို့ဘာဆက်လုပ်ကြမလဲ"

"အင်းဝအရေးကိုကြည့်ပြီးဆုတ်ကြမယ် အင်းဝနန်းတွင်းပြိုကွဲရင် ငါတို့တွေအင်းဝကိုစစ်ချီမယ်"

"မှန်ပါ မင်းသား"

ဗညားသတိုး ဆင်တော်ဒဏ်ရာကိုဆေးသိပ်ပေးနေသည်။ဆင်တော်ကဗညားသတိုးကို နှာမောင်းဖြင့်ပွေ့ဖက်ပြီး နှစ်သိမ့်ခံနေသည်။

"ဇမ္ဗူ ပင်ပန်းသွားလေပြီ"

"ဇမ္ဗူ ငါကိုယ်တော်မှလွဲရင် ဘယ်သူ့အမိန့်ကိုမှမနာခံလေနဲ့"

ဇမ္ဗူဆင်တော်က နားလည်စွာနားရွက်ကြီးကိုတဖျတ်ဖျတ်ယမ်းရင်း ခေါင်းညိတ်သည်။ထိုစဉ်

ဗညားသတိုး သာယာသည့်ခြူသံကိုကြားရသည်။ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ထွက်ပေါ်လာသောခြူသံ။

'မင်းသားငယ်ရောက်လာပြီ'

ဗညားသတိုး ဇမ္ဗူဆင်တော်ဘေးတွင်ရပ်ကာ ဦးညွှတ်လိုက်သည်။မြင်ကွင်းထဲတွင် ပေါ်လာသည်က ငွေခြူလုံးလေးတွေပါဝင်သည့် ငွေခြေချင်းဝတ်ဆင်ထားသော ခြေချင်းဝတ်လေးတစ်စုံ။

'အလို လှလိုက်တာ'

ဗညားသတိုး စိတ်ထဲမှရေရွတ်မိသွားသည်။ ခြေဖမိုးလေးသည် ဗညားသတိုး၏မြင်ကွင်းထဲတွင် တင့်တယ်စွာတည်ရှိနေသည်။အင်းဝသားတွေနဲ့မတူ ဖြူဖွေးသောအသားအရည်၊အကြောအရိုးရဲ့အပြစ်အနာအဆာမရှိသည့်ခြေထောက်လေး၊ငွေခြေချင်းတွေနှင့်လိုက်ဖက်စွာ ဖြူစင်နေသောခြေဖမိုးလေးကို ဗညားသတိုးငေးကြည့်နေမိသည်။

"အသင် ငါ့မျက်နှာကိုကြည့်လို့ရပါတယ်"

ဗညားသတိုး မင်းသားငယ်ကို ကြည့်လိုက်သည်။ခေါင်းမော့လိုက်သည့် အခိုက်အတန့် ဗညားသတိုးရဲ့လောကကြီးရပ်တန့်သွားသည်။

မင်းသားငယ်ကလည်း ဗညားသတိုးကိုအကြည့်တစ်ချက်ပေးသည်။ မင်းသားငယ်က နုနယ်ချောမောသည်။ဖြူဖွေးသောအသားအရည်၊နဂါးသွဲ့ ကျောက်အလား ကြည်လင်နေသည့်မျက်ဝန်း၊ကော့ညွတ်သော မျက်တောင် ရှည်။

‘အလို ပါးပြင်ပေါ်ကနှင်းဆီသွေး’

"အသင် ဆင်တော်ကို ငါကိုင်လို့ရမလား"

"ရ ရပါတယ် မင်းသား"

သိမ်မွေ့ရဲရင့်သည့်အသံက ဗညားသတိုး တစ်ကိုယ်လုံးကို နူးညံ့သော လေပြေလေး ဖြတ်တိုက်သွားသလို ကြည်နူးသွားစေသည်။

ဗညားသတိုး မင်းသားငယ်ကိုစူးစိုက်ကြည့်နေမိသည်။မင်းသားငယ်က မဟာအရောင် ခရမ်းပြာအသွေးရှိသည့်အဝတ်အထည်ကို ဝတ်ဆင် ထားသည်။

ခရမ်းပြာရောင်ကား တော်ဝင်အရောင်၊မဟာအရောင်၊ခမ်းနားသော အရောင်ဖြစ်သည်။

ယောကျာ်းသားတွေဟာ ခရမ်းပြာရောင်နှင့်မလိုက်ဖက်ပေမယ့် မင်းသား ငယ်ရဲ့အသားအရည်နှင့်ခရမ်းပြာရောင်အသွေးက လွန်စွာလိုက်ဖက်လွန်း သည်။ဖြူသွယ်သောလက်လေးကို မြှောက်ကာ ဇမ္ဗူဆင်ကိုထိလိုက်တော့ ဆင်တော်ကဒေါသတကြီးနှာမောင်းကိုဝှေ့ယမ်းကာ မင်းသားငယ်လက်ကို ပုတ်ချသည်။

ဗညားသတိုး လွန်စွာစိုးရိမ်တုန်လှုပ်သွားပြီး ဇမ္ဗူကိုအလန့်တကြား

အော်လိုက်သည်။အသံကတုန်လှုပ်နေပြီး ပူလောင်မှုများစွန်းထင်းနေသည်။

"ဇမ္ဗူ သခင်ငယ်ကိုမရှိမသေမပြုလေနဲ့"

မင်းသားငယ်က နောက်တစ်ကြိမ်ဆင်တော်ကိုထိရန် တွန့်ဆုတ်နေသည်။

"နန်းစောရှင်မင်းသား ဖိနပ်လေးတော့စီးသွားမှပေ့ါ မင်းသားရဲ့"

အသံက ဆင်ကျုံးအဝင်တံခါးနားကပင်။အသက်အရွယ်ကြီးမြင့်သည့် အထိန်းတော်က အပြေးလေးလာကာ မင်းသားငယ် ခြေထောက်အနီး ဖိနပ်လေးချပေးသည်။မင်းသားငယ်ကပြုံးသည်။အပြုံးလေးက သန့်စင်ကာ နှစ်သက်ဖွယ်ကောင်းသည်။

"ဖိနပ်မစီးဘဲနေရတာက လွတ်လပ်ရော့တယ်"

"အမယ်ကအသက်ကြီးပါပြီ မင်းသားရယ် မင်းသားနောက်ကို ဖိနပ်ကိုင်ပြီး မလိုက်နိုင်တော့ပါဘူး"

မင်းသားငယ်က ဖိနပ်လေးကို စီးလိုက်သည်။ဖိနပ်လေးက ပိုးချည်တွေနဲ့ချုပ်ထားပြီး ရွှေချည်ဖောက်ထားသည်။ဖိနပ်လေးစီးလိုက်တော့မင်းသားငယ်ရဲ့လှပသည့်ခြေဖမိုးလေးတွေကို အလုံးစုံမမြင်ရတော့ပေ။ဗညားသတိုးနှမြောတသသ ခံစားလိုက်ရသည်။

"အသင် ဒီဆင်တော်အမည်ကဘာလဲ"

"မင်းသားငယ် ဒီဆင်တော်ကဇမ္ဗူအမည်တွင်ပါတယ်"

"ဇမ္ဗူ"

နန်းစောရှင် ဆင်တော်ကိုနောက်တစ်ကြိမ် ထိကိုင်လိုက်သည်။သည်တစ်ကြိမ်တွင်တော့ ဆင်တော်ကငြိမ်သက်စွာ နန်းစောရှင်အထိကို နာခံလေသည်။

"ဇမ္ဗူ တယ်လုတဲ့ဆင်ပါလား"

***

(၃)

နန်းစောရှင်မင်းသားငယ်က ဇမ္ဗူဆင်တော်ပေါ်တွင် ထိုင်ပြီးချွန်းကို မြဲမြံစွာ ကိုင်ထားသည်။နောင်တော်ဆယ့်နှစ်ပါးရှိသည့် မင်းသားငယ်က ယခုမှဆင်တော်ကို စစီးဖူးသည်။ဇမ္ဗူဆင်တော်က နန်းစောရှင် ဘာမှမ လုပ်ရပါဘဲ ငြိမ်သက်စွာနန်းစောရှင်အမိန့်ကို နာခံသည်။

နေကားမွန်းတည့်လုပြီ။

နန်းစောရှင်ရဲ့နဖူးက ချွေးတို့ဖြင့်စိုစွတ်နေပြီ။ နေရောင်စူးစူးက နန်းစော ရှင်မင်းသားကိုယ်ပေါ်ဖြာကျနေပြီး မင်းသားငယ်က ပျော်ရွှင်စွာဆင်ကျုံး အနှံ့ လှည့်လည်နေသည်။

"အရှင့်သား ဇမ္ဗူကိုအနားပေးပါတော့"

ဗညားသတိုး အော်ပြောလိုက်သည်။ထိုအခါမှ

သာ နန်းစောရှင်က ဇမ္ဗူကိုကျုံးသွင်းပြီး ဆင်တော်ပေါ်မှ ဆင်းလေ သည်။နန်းစောရှင် ဇမ္ဗူရဲ့နှာမောင်းကို ခပ်ဖွဖွပွတ်ပေးပြီး ကြံတစ်ပိုင်း ကျွေးသည်။ဇမ္ဗူကလည်း နားရွက်ကြီးကိုတဖျတ်ဖျတ်ခတ်ကာ သဘောကျကြောင်း ပြသလေသည်။

"လိမ္မာလိုက်တာ ဇမ္ဗူ"

ဗညားသတိုး ပဝါသန့်သန့်တစ်ထည်ကို နန်းစောရှင်မင်းသားအား ပေးသည်။နန်းစောရှင် ပဝါလေးကို ယူပြီးချွေးတို့ကို သုတ်သည်။မင်းသား ငယ်အမူအရာက သိမ်မွေ့ပြီးငြင်သာသည်။ မျက်တောင်ရှည်တွေက ကော့

ညွှတ်နေပြီး မျက်ရစ်မပါသည့်မျက်ဝန်းလေးက တမျိုးဆွဲဆောင်မှု ရှိသည်။ ဗညားသတိုး မျက်တောင်မခတ်တမ်း ကြည့်နေမိသည်။

"အသင် ပဝါ"

နန်းစောရှင် ပဝါကမ်းပါမှ ဗညားသတိုးပဝါလေးကို ရိုရိုသေသေယူသည်။

"အသင် နက်ဖြန်ခါလည်းငါလာခဲ့ပါ့မယ် ဇမ္ဗူကိုသေချာဂရုစိုက်ပါ"

"မှန်ပါ အရှင့်သား"

မင်းသားငယ်ကား ဗညားသတိုးကိုကျောခိုင်းလျက် ထွက်ခွာသွားချေပြီ။ဗညားသတိုး အနီခရမ်းပြာရိပ်လေးကို ငေးမောကြည့်နေမိသည်။ မင်းသားငယ်ရဲ့ချွေးတို့ဖြင့် စိုစွတ်နေသည့်ပဝါလေးကိုမူကား တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားမိလေသည်။

***

"သူရိန် နန်းစောရှင်မင်းသားအကြောင်းသိခဲ့ပြီလား"

"သိခဲ့ပြီ သတိုး"

"မြန်မြန်ပြောစမ်းပါ"

သူရိန် အံ့သြနေမိသည်။မြောင်းမြတိုက်ပွဲအတွင်းမှာတောင် တည်ငြိမ်နေခဲ့သည့် အိမ်ရှေ့မင်းဗညားသတိုးက ယခုတော့လှုပ်ခတ်နေသည်လေ။

"နန်းစောရှင်မင်းသားက ကွယ်လွန်သွားပြီဖြစ်တဲ့မောပြည်က မင်းသမီး နန်းစောကလျာဏီရဲ့သားတော်ပါ အင်းဝနဲ့မောပြည်ချစ်ကြည်ရေးအတွက် နန်းစောကလျာဏီမင်းသမီးကအင်းဝဘုရင်နဲ့လက်ဆက်ခဲ့တာပါ အင်းဝဘုရင်ကနန်းစောကလျာဏီမိဖုရားကို လွန်စွာချစ်ခင်ပြီးမင်းသားငယ်က နန်းစောကလျာဏီမိဖုရားရဲ့အသွင်အပြင်ကိုရရှိထားတာကြောင့် အင်းဝဘုရင်ရဲ့နှစ်သက်မှုကို အရရှိဆုံးမင်းသားပါ သက်တော်ဆယ့်လေးနှစ်ရှိပါပြီ

နောင်တော်ဆယ့်နှစ်ပါးရှိလို့စစ်ပွဲအတွေ့အကြုံကတော့မရှိသေးပါဘူး"

"ပြီးတော့ရော"

"မင်းသားငယ်က စာပေနဲ့ဂီတအရာမှာကျွမ်းကျင်ပြီး ပန်းချီပညာကိုလည်းထူးချွန်ပါတယ်"

"ပြီးတော့ရော"

"မင်းသားငယ်ရဲ့စောင်းအတတ်က ထူးချွန်ပြီးကြားရတဲ့သူတိုင်းကို ကမ္ဘာအသစ်ကိုခေါ်ဆောင်သွားစေနိုင်တယ်လို့ နန်းတွင်းသူတွေကဆိုကြပါတယ်"

"ကြင်ယာရောရှိနေပြီလား"

"....."

"ဖြေလေ"

"မရှိသေးပါဘူး"

"ဒါဆိုရပြီ"

"ဘာလို့လဲမင်းသား"

သမိန်သူရိန် ဗညားသတိုးမင်းသားကိုမဝံ့မရဲမေးသည်။ပုံမှန်အချိန်တွေမှာ ပေါ့ပေါ့ပါးပါးနေတတ်သည့် မင်းသားက ယခုတော့အလေးအနက်ဖြစ်လို့နေသည်။

"ငါ စောင့်ကြည့်ရမယ့်မင်းသားငယ်ဆိုတော့ သေချာသိချင်လို့ပါ"

သမိန်သူရိန်ရဲ့အမေးစကားက ဘာကြောင့်ရယ်

မသိ ဗညားသတိုးကို မချင့်မရဲဖြစ်စေသည်။

အမြင်အာရုံထဲတွင်တော့ ခရမ်းပြာရောင်အသွေးလေးရယ်၊သာယာသည့်

ခြူသံလေးတွေလွှင့်စင်တတ်သောငွေခြေချင်းလေးကိုသာ ဗညားသတိုး နေရာပေးနေမိသည်။

***

"သားတော်ဗလ"

"မယ်တော် ဦးရီးဘက်ကအကြောင်းပြန်ပလား"

ဆွတ်ဆွတ်ဖြူသည့်သင်တိုင်းခြုံလွှာကို ဝတ်ဆင်ထားသော မယ်တော် ရာဇာဒေဝီက တော်ဝင်ဆန်စွာ လှပတင့်တယ်ပေသည်။

"သားတော် ဒါ မင်းဦးရီးရဲ့ပြန်စာ"

မင်းရဲဗလ လက်ထဲရောက်လာသည့် ပေစာလေးကို ဖွင့်ဖတ်သည်။ခပ်ညစ်ညစ်ပေစာထက်က သပ်သပ်ရပ်ရပ်စာသုံးကြောင်းက မင်းရဲဗလ မျက်လုံးတွေကို စူးရဲစေသည်။

/ဝါဆိုဥပုလ်

ဇင်းမယ်ရဲမက်တို့အသင့်ဖြစ်လေပြီ

အသင့်ပြင်ပါအရှင့်သား/

စာကား ရှင်းလင်းသည်။မင်းရဲဗလ နှုတ်ခမ်းထောင့်တို့က သဘောကျစွာ ကော့တက်သွားပြီးပေစာကို ဘေးကဆီမီးနှင့် အသာတို့လိုက်သည်။ မီးတောက်က တဖြည်းဖြည်းပေစာကို ဝါးမြိုသွားပြီး လေထဲတွင်ပျောက်ကွယ်သွားသည်။

"မယ်တော် ဝါဆိုလ မင်းပြောင်းမယ်"

"သားတော်သေချာပြီလား မင်းဦးရီးကအဆင်သင့်ဘဲလား"

"အဆင်သင့်ဘဲမယ်တော် ဝါဆိုလမှာတိုက်ပွဲ

စမယ်"

"မင်းပြောင်းချင်ရင် အမှိုက်တွေကိုအရင်ရှင်းပစ်ရမယ်မဟုတ်ရင် ကြွက်တွေသောင်းကျန်းလိမ့်မယ်"

"စိတ်မပူနဲ့မယ်တော် သားတော်ထံမှာဥပါယ်ရှိပြီးသား"

မင်းရဲဗလ မယ်တော်ကို အကြည့်တစ်ချက်ပေးပြီး ဆောင်ဓားကိုဆုပ်ကိုင်လျက် ဆောင်နန်းအပြင်ကို ထွက်လေသည်။မင်းရဲဗလ ဆောင်နန်းအပြင်ဘက်မှ အင်းဝနန်းတွင်းတစ်ခုလုံးကိုကြည့်သည်။တိမ်ကင်းစင်သည့်ညကအေးချမ်းနေသည်။အေးချမ်းနေသည့် ကောင်းကင်ကြီးနှင့်ဆန့်ကျင်စွာ မင်းရဲဗလ ရင်ထဲတွင်တော့မီးတောက်မီးလျှံများ တောက်လောင်နေသည်။

'အချိန်ကားရောက်လာပြီ'

———————

နန်းစောရှင် ပန်းကန်ထဲရှိ မုန့်လင်မယားများကိုစားနေသည်။နန်းတွင်းသဝဏ်လွှာတွေကို ဖတ်ရင်းမုန့်လင်မယားတွေက တစ်ခုပြီးတစ်ခုပါးစပ်ထဲဝင်နေသည်။

"ညီထွေးငယ် လက်ကဆီတွေပေနေတယ်လေ"

မင်းရဲကျော်ထင် ခါးပိုက်ထဲကပဝါကိုထုတ်ပြီး နန်းစောရှင်လက်ကို ဆွဲကာဆီတွေပေနေသည့်လက်ချောင်းလေးကို အသာအယာသုတ်ပေးသည်။

"နောင်တော်ကြီး အဖနေရာမနေချင်ပါနဲ့ ညီထွေးငယ် သည်လောက်တော့သိတတ်ပါတယ်"

နန်းစောရှင်က ပြောပြီး မုန့်လင်မယားပန်းကန်ဘက်ကို လက်ကမ်းနေပြန်သည်။ညီထွေးလေးရဲ့ချစ်စဖွယ်အပြုအမူကြောင့် မင်းရဲကျော်ထင်ပြုံးမိသည်။

"ညီထွေးငယ် အရမ်းမစားလေနဲ့ ဗိုက်အင့်နေရော့မယ်"

မင်းရဲကျော်ဇော ညီထွေးလေးလက်ထဲက

သဝဏ်လွှာတွေကိုဆွဲယူပြီး သူ့စားပွဲပေါ်တင်လိုက်သည်။

"နောင်တော် ညီထွေးပျင်းလှပြီ ဒီနေ့တစ်နေကုန်လည်းဇမ္ဗူစီးခဲ့လို့ တစ်ကိုယ်လုံးလည်း ညောင်းကိုက်နေတယ်"

ညီထွေးလေးက ညည်းညည်းညူညူပြောတော့ မင်းရဲရာဇက အငြိမ်မနေနိုင်။ညီထွေးလေးရဲ့သျှောင်မထုံးရသေးသည့် စုလည်းဆံပင်လေးကို ခပ်ဖွဖွ ပွတ်လိုက်သည်။

"ညီထွေးငယ် ပင်ပန်းရင် ဆင်တော်မစီးရော့နဲ့ သက်တောင့်သက်သာသာ ကစားပါလေ"

"ရာဇ ညီထွေးကဘုရင်ဖြစ်မယ့်သူကွ ဆင်တော်မစီးတတ်လို့ဖြစ်မလား"

"နောင်တော် စစ်ပွဲဆိုညီတော်ထွက်တိုက်မယ် နန်းရေးရာတွေဆိုကျော်ဇောကူညီပေးမယ် ညီထွေးငယ်ကသက်တောင့်သက်သာနေရင်လုံလောက်ပြီ"

"ပုန်စားဝံ့သူမရှိဘူးလို့ ရာဇပြောနိုင်သလား"

မင်းရဲကျော်ထင်ရဲ့အမေးကြောင့် မင်းရဲရာဇလက်တွေက အလိုအလျောက် ဆောင်ဓားပေါ်ကျရောက်သွားသည်။ခံ့ညားသည့်မျက်ဝန်းတွေက စူးရှတောက်ပလာပြီး ဂုဏ်ယူဝံ့ကြွားဟန်ရင်ဘတ်ကို ကော့လိုက်သည်။

"ညီထွေးငယ်ထံမှာ နောင်တော်ဆယ့်နှစ်ပါးရှိတယ် ပုန်စားဝံ့သူဘယ်သူမဆို နောင်တော်တွေကသုတ်သင်ပေးမယ် ညီထွေးငယ်ဘာမှလုပ်စရာမလိုဘူး"

"နောင်တော်တို့ရယ် တော်ပါတော့ သဝဏ်လွှာတွေကိုသာမြန်မြန်

လက်စသတ်ပါတော့ ညီထွေးအိပ်ချင်လှပြီ ခမည်းတော်ကမပြီးရင်မအိပ်ရဘူးတဲ့"

ညီထွေးလေးက စူပုတ်ပုတ်လေးပြောတော့ နောင်တော်သုံးပါးမှာ အချစ်ပိုရပြန်သည်။မင်းရဲကျော်ထင်၊မင်းရဲရာဇ၊မင်းရဲကျော်ဇောတို့နှင့် မတူ ညီထွေးလေးက ဖြူဖြူဖွေးဖွေးလေးဖြစ်သည်။သက်တော်အားဖြင့်လည်း ဆယ့်လေးနှစ်သာရှိသေး၍ မင်းရဲကျော်ထင်တို့နှင့်ယှဉ်လျှင်အသက်အရွယ်က အတော်လေးကွာဟသည်။

မင်းရဲကျော်ထင်ဆိုရင် သက်တော်သုံးဆယ်ရှိပြီ။

မင်းရဲကျော်ဇော သဝဏ်လွှာတစ်ခုကိုဖတ်ပြီး လက်ချောင်းတွေက တင်းကြပ်သွားသည်။

"နောင်တော် ဇင်းမယ်စားကနောက်ဆုံးတော့ပြောင်ပြောင်တင်းတင်း အင်းဝကိုရန်စတယ်"

မင်းရဲကျော်ထင် မင်းရဲကျော်ဇောလက်ထဲကသဝဏ်လွှာကိုယူဖတ်လိုက်သည်။

/ငါဇင်းမယ်စားအကျော်ဇေယျသည် သံလျှပ်အမည်ရှိဆင်ကိုစီးရသည်။စားနပ်ရိက္ခာပြည့်စုံတဲ့ဇင်းမယ်ကိုလည်း စားရသည်။လက်နက်လူသူလည်းပြည့်စုံသည်။သည်လိုပြည့်စုံပါလျက် သင်တို့အင်းဝကိုဇင်းမယ်က ပဏ္ဏာဆက်ရမည်လော။သင်တို့ဘုရင်ကို ငါကရှိခိုးမည်လော။/

"တောက် ဇင်းမယ်စားကျွန်ယုတ်"

မင်းရဲကျော်ထင် သဝဏ်လွှာကို စားပွဲပေါ်ပစ်တင်လိုက်သည်။

"သင်းတို့ဇင်းမယ်ကို ဟံသာဝတီတွေလာတိုက်တုန်းက ခမည်းတော်ကကာကွယ်ပေးခဲ့တာကိုမှမထောက် ရိုင်းစိုင်းလှချည်လား"

မင်းရဲကျော်ထင် မျက်လုံးတွေက စူးစူးရှရှတောက်ပနေပြီး ဒေါသရိပ်များ လောင်ကျွမ်းနေသည်။

"ရာဇာဒေဝီမိဖုရားကို ပဏ္ဏာဆက်ပြီးအကူအညီတောင်းခဲ့တုန်းက သင်းတို့မဟုတ်တဲ့အတိုင်း"

"နောင်တော် အချိန်တွေကြာခဲ့ပြီဆိုတော့ သင်းတို့ကကျေးဇူးတရားကို မေ့ကုန်တာဖြစ်မှာပေါ့

ညီတော်တို့က ကျေးဇူးသိအောင်လုပ်

ပေးရဦးမယ်ပေါ့ ရာရာစစ အင်းဝအာဏာစက်ကိုထိရဲတယ်"

မင်းရဲရာဇကလည်း ဒေါသရိပ်သန်းလာသည်။ ဇင်းမယ်က လွန်ခဲ့သော သုံးနှစ်လောက်ကမှစည်ပင်ဝပြောလာခဲ့သည်။အင်းဝကို ဆက်သရမည့် ပဏ္ဏာတွေကိုလည်း အကြောင်းအမျိုးမျိုးပြကာ ပျက်ကွက်ခဲ့ကြသည်။ယခုတော့ ဇင်းမယ်ကသတ္တိကောင်းကောင်းနှင့် ပြောင်ပြောင်တင်းတင်းပုန်ကန်လာချေပြီ။မင်းရဲရာဇတို့ လွှတ်ပေးရမည့်အရေးမဟုတ်။

"ကဲ ညီထွေးငယ် အိမ်တော်ပြန်မလား နန်းတော်ထဲမှာဘဲ အိပ်စက်ရော့မလား"

မင်းရဲကျော်ထင် နန်းစောရှင်ရဲ့အိပ်ငိုက်နေသည့်မျက်နှာလေးကို ဖမ်းမိသွားသည်။နန်းစောရှင်ရဲ့မျက်လုံးလေးတွေက နီရဲနေပြီးကြည့်ရတာသနားစဖွယ်ပင်။နောင်တော်သုံးပါးရဲ့အမျက်ဒေါသတွေက နန်းစောရှင်မျက်နှာလေးကိုမြင်ပြီး ပိန်းကြာရွက်ပေါ်ကရေစက်လေးတွေလိုလျှောကျသွားလေသည်။

"နောင်တော်ဗလ အိမ်တော်မှာသွားအိပ်မယ် နောင်တော်ကြီး"

"ကောင်းပြီ နောင်တော်လိုက်ပို့ပေးမယ်"

မင်းရဲကျော်ဇော နန်းစောရှင်ဘေးမှကပ်လျှောက်ပြီး မင်းရဲဗလအိမ်တော်လိုက်ပို့သည်။အချိန်ကား တစ်ချက်ထိုးပြီ။နန်းစောရှင်လည်း အိပ်ချင်ပြေသွားသည်။ကောင်းကင်ကတိမ်ကင်းစင်နေပြီး ခုနှစ်စင်ကြယ်လည်းတောက်ပနေသည်။ကောင်းကင်က ကြယ်ရောင်လေးတွေနှင့်အပြိုင်နန်းစောရှင်မျက်လုံးလေးတွေက တလက်လက်တောက်ပနေသည်။ပူပင်မှုမရှိ၊လောဘမရှိ၊မောဟမရှိ ပကတိဖြူစင်သည်။

"နောင်တော် ဇင်းမယ်နဲ့တကယ်တိုက်ကြရော့မှာလား"

နန်းစောရှင် မဝံ့မရဲမေးသည်။မင်းရဲကျော်ဇောက နန်းစောရှင်ခေါင်းလေးကို ခပ်ဖွဖွပွတ်ပေးပြီးပြုံးလိုက်သည်။

"ညီတော်ဗလကိုစိုးရိမ်လို့လား ညီထွေးငယ်"

"ဟုတ် နောင်တော်ဗလရဲ့မယ်တော်ကဇင်းမယ်သူဖြစ်လေတော့"

"စိတ်မပူနဲ့ သည်အရေးဟာအင်းဝအရေး ဗလဟာအင်းဝသား အင်းဝရဲ့အာဏာစက်အဓွန့်ရှည်တည်တံ့ဖို့က အင်းဝသားတိုင်းရဲ့တာဝန်လေ ညီထွေးငယ်ရဲ့"

"သို့ပေမယ့်"

"ဘာမှစဉ်းစားမနေနဲ့ တိုင်းပြည်ရယ်လို့ဖြစ်လာမှတော့ စစ်ပွဲဆိုတာရှောင်လို့မှမရဘဲ ညီထွေးငယ်စိုးရိမ်ရင် ဗလသဘောထားကိုမေးပြီးမှနောင်တော်တို့ဆုံးဖြတ်ကြမယ် ဟုတ်ပြီလား"

"ဟုတ် နောင်တော်"

***

(၄)

မင်းရဲဗလ၏အိမ်တော်က အင်းဝနန်းတွင်းရဲ့မြောက်အရပ်တွင် ဖြစ်သည်။ မြင်းစီးလျှင်ခဏလေးဆိုသော်ငြား နန်းစောရှင်က ညဘက်လမ်းလျှောက်ရတာကို နှစ်သက်သည်။ နောင်တော်ကျော်ဇောက သိမ်မွေ့ပြီးနန်းစောရှင်ကို နောင်တော်ဗလအိမ်တော် သွားသည့်လမ်းတစ်လျှောက်တွင် ပုံပြင်တွေ နိပါတ်တွေပြောပြသည်။နောင်တော်ကျော်ဇောရဲ့အသံက ကြည်လင်ပြီး ပြတ်သားသည်။လရောင်အောက်တွင် နန်းစောရှင်ကိုချော့မြူနေသကဲ့သို့ ရှိသည်။နန်းစောရှင် ငယ်စဉ်ကပင်မယ်တော်မရှိလေတော့နောင်တော် ဆယ့်နှစ်ပါးရဲ့လက်တွင်သာ ကြီးပြင်းခဲ့သည်။နောင်တော်တွေကြောင့် နန်းစောရှင်မင်းသားက အပူအပင်ကင်းမဲ့စွာနေနိုင်လေသည်။

မင်းရဲဗလအိမ်တော်ရဲ့တံခါးစောင့်ရဲမက်တွေက မင်းရဲကျော်ဇောနှင့်နန်းစောရှင်မင်းသားကို မြင်လိုက်တာနှင့် အိမ်တော်တံခါးဖွင့်ပေးသည်။

နန်းစောရှင်ဆိုတာနှင့် နောင်တော်ဆယ့်နှစ်ပါးရဲ့အိမ်တော်က တံခါးမရှိ ဓားမရှိဝင်ရောက်နိုင်သည်။

မင်းရဲကျော်ဇောနှင့်နန်းစောရှင် အိမ်တော်ထဲဝင်တော့ မင်းရဲဗလတို့ ညီနောင်တစ်သိုက်က အိမ်

ရှေ့ကွပ်ပျစ်ပေါ်တွင်ထိုင်ကာ ထန်းရည်သောက်နေကြသည်။မင်းရဲကျော်ဇော ချောင်းတစ်ချက်ဟန့်ပြီး ကွပ်ပျစ်ဘေးတွင်ရပ်လိုက်သည်။

"ဗလ တယ်သတ္တိကောင်းနေပါလား ဟမ်"

"နောင်တော်ကျော်ဇော နောင်တော်ဇလမှာ အပြစ်မရှိပါဘူး ညီတော်တို့ကသောက်ချင်တယ်ဆိုလို့နောင်တော်ဇလကခွင့်ပြုပေးတာ ဟဲဟဲ"

မင်းရဲဉာဏက စပ်ဖြီးဖြီးပြောသည်။ဘေးက

မင်းရဲနန္ဒ၊မင်းရဲစက္က၊မင်းရဲဝဏ္ဏကလည်း သံယောင်လိုက်သည်။ မင်းရဲဇလကတော့ ခပ်ပြုံးပြုံး။

"တိတ်စမ်း နက်ဖြန်ခါနံနက်စောစောညီလာခံရှိတာကိုသောက်နေကြသေးတယ် သွားအိပ်ကြတော့"

မင်းရဲဝဏ္ဏကယခုမှ နန်းစောရှင်ကိုမြင်ပုံပေါ်ပြီး နန်းစောရှင်ပါးလေးကို ဆွဲဖဲ့လိုက်သည်။

"အော့ နာတယ် နောင်တော်ရဲ့"

"ညီထွေးလေး နောင်တော့်အိမ်မှာလည်းလာအိပ်ပါဦး"

"နောင်တော့်အိမ်မှာ လာအိပ်ရင် နောင်တော်နဲ့မရီးတော်တို့လွတ်လွတ်လပ်လပ်မနေရမှာ စိုးရော့လို့ပါ"

"အံမယ် ညီထွေးလေးကသိတတ်လိုက်တာ"

"မဟုတ်ပေဘူး နောင်တော် ညီထွေးကဝင့်လည်မှာ စိုးရွံ့လို့ပါ"

နန်းစောရှင် နောင်တော်ဝဏ္ဏကို ခပ်စူးစူးကြည့်ပြီးတည်တည်ငြိမ်ငြိမ်ပြောလိုက်သည်။

ညီထွေးငယ်ရဲ့အမူအယာလေး၊စကားသံ

လေးကြောင့် နောင်တော်တွေရယ်မောမိကြသည်။

"ဟား ဟား ဟား"

"တယ် ညီထွေးငယ်ကသဘောကျတဲ့နန်းတွင်းသူလေးတွေ့ထားပြီထင်ပ့ါ"

မင်းရဲဝဏ္ဏာမှာမူးမူးနှင့် နန်းစောရှင်ပါးလေးကိုနောက်တစ်ခါဖွဲ့ရန် လက်ရွယ်လိုက်သည်။မင်းရဲဝဏ္ဏာလက်လေးကနန်းစောရှင်ပါးကို မထိခင်မှာပင်မင်းရဲနန္ဒက မင်းရဲဝဏ္ဏာလက်ကောက်ဝတ်ကိုကိုင်လိုက်သည်။

"ဝဏ္ဏာ ညီထွေးလေးကိုသေရည်နဲ့တွေစွဲကုန်မယ်"

"ညီထွေးလေးက ချစ်စရာတယ်ကောင်းသကိုး

နန္ဒရ"

မင်းရဲဝဏ္ဏာ ပြုံးကာနန်းစောရှင်ရဲ့စုလည်းဆံပင်လေးကို ခပ်ဖွဖွပွတ်သည်။နန်းစောရှင်မင်းသားငယ်က တကယ့်ကိုကုသိုလ်ထူးသည်။နောင်တော်တွေအားလုံးကချစ်ခင်ကြသည်။

အင်းဝမင်းသားများရဲ့စည်းလုံးညီညွတ်မှုဟာလည်း သတင်းမွှေးပျံ့လှသည်။

"နောင်တော် သေရည်ယစ်ရင်အိမ်တော်ပြန်အိပ်လေရော့ မရီးတော်မျက်နှာညိုးရော့မယ်"

"မလိုပေဘူးညီထွေးငယ် ညီထွေးရဲ့မရီးကသိတတ်ပေတယ်"

"တယ် အိမ်သူသက်ထားကြင်ယာကို အေးစက်တဲ့စက်တော်ခေါ်စေမလို့လား ဝဏ္ဏာ ပြန်အိပ်ပေရော့"

မင်းရဲကျော်ဇော ခပ်တင်းတင်းပြောတော့မင်းရဲဝဏ္ဏာက ဇက်ကလေးပုဝင်သွားသည်။

"နောင်တော်ကျော်ဇောကလည်း သည်ညညီတော်တို့က နောင်တော်ဗလအိမ်တော်မှာ အိပ်မလို့ကို ဝဏ္ဏာကိုပြန်မလွှတ်ပါနဲ့"

မင်းရဲစက္ကက ခပ်တိုးတိုးလေးပြောသည်။

"နောင်တော်ကျော်ဇောကိုသာ မရီးတော်မျှော်ရော့မယ် ပြန်လေရော့"

မင်းရဲညာဏက နောင်တော်ကျော်ဇောပခုံးပေါ်လက်တင်ပြီး တိုက်တွန်းစကားဆိုသည်။ နောင်တော်ကျော်ဇောသာ မြန်မြန်မပြန်ရင် သည်ထန်းရည်မြူတွေမကုန်ရင် အိပ်ရမယ့်ဖြစ်ခြင်း။မင်းရဲနန္ဒက နန်းစောရှင်ကိုမျက်စပစ်ပြပြီး နောင်တော်ကျော်ဇောကို စကားဆိုခိုင်းသည်။

နန်းစောရှင် နောင်တော်နန္ဒအပြုအမူကို မြင်တော့သက်ပျင်းလေး ချလိုက်သည်။

"နောင်တော်ကျော်ဇော ညီထွေးငယ်အိပ်ချင်ပြီ"

နန်းစောရှင်က မျက်လုံးလေးတွေ ပျောက်အောင်သန်းဝေပြလိုက်တော့ မင်းရဲကျော်ဇော မနေနိုင်ပါဘဲ စိတ်နှလုံးသားလေးကနူးညံ့သွားလေသည်။

"ဒါဆို ညီထွေးငယ်အိပ်ပေရော့ နောင်တော်ပြန်ရော့မယ်"

မင်းရဲကျော်ဇော နူးညံ့စွာပြောပြီးမင်းရဲဗလတို့ဘက်လှည့်ကာ။

"ညီငယ်တို့နောင်တော်ပြန်မယ် နံနက်ခင်းညီလာခံကိုနောက်မကျရော့နဲ့"

"စိတ်ချပါ နောင်တော်"

ညီငယ်ခြောက်ပါးက ပြိုင်တူပြောလိုက်ကြသည်။နောင်တော်ကျော်ဇောပြန်သည်နှင့် ကွပ်ပျစ်ပေါ်တွင်စုရုံးထိုင်ကြကာ ထန်းရည်ဝိုင်းဆက်ကြပြန်သည်။

နန်းစောရှင်ကတော့ မင်းရဲဗလအိမ်

တော်ထဲဝင်ပြီး ဧည့်ဆောင်ခန်းတွင်ဝင်ကာ အိပ်စက်တော့သည်။အပြင်ဘက်တွင် နောင်တော်တို့ရဲ့စကားသံတွေက ဆူဆူညံနေသည်။နန်းစောရှင်သလွန်ပေါ်တွင်လှဲလျောင်းနေရင်းအပြင်ကအသံတွေကို နားထောင်နေသည်။

နန်းစောရှင် နောင်တော်ဗလအိမ်တော်ကို အမှန်တကယ်နှစ်သက်သည်။

နောင်တော်ဗလအိမ်တော်က အမြဲလူသံတိတ်သည်မရှိ။အုံကြွသည်၊တက်ကြွသည်၊ဆူဝေသည်၊ယုံကြည်ရသည်။

ငယ်စဉ်ထဲကနောင်တော်တွေကြား ကြီးပြင်းခဲ့ရသည်မို့ နန်းစောရှင်က တိတ်ဆိတ်မှုကိုမနှစ်သက်။အသံတို့ဆိတ်သုဉ်းနေသည်က နန်းစောရှင်ကို အဖော်မဲ့စေသည်။

အေးမြသည့်လရောင်အောက်တွင် အင်းဝမင်းသားငယ်တစ်စုရဲ့သေခွက်ခြင်းတိုက်သံ၊ စစ်အောင်ပွဲတွေကြွေးကြော်သံ၊ရယ်မောသံတို့ကတစ်စတစ်စ လွင့်ပျံ့နေသည်။လေအဟေ့တွင် ထန်းရည်နံ့၊အမဲအသားဟင်းလျာနံ့၊ လယ်ကြွက်ကြော်နံ့၊ချွေးနံ့တို့ကနန်းစောရှင်ကို ရစ်ပတ်ကျီစယ်သွားသေးသည်။အသံများကိုနားထောင်နေရင်းနှင့်ပင် နန်းစောရှင် အာရုံတွေထိုင်းမှိုင်းလာပြီး အိပ်စက်ခြင်းသို့ ကူးပြောင်းသွားလေသည်။

***

"တယ် ယုတ်မာလိုက်တဲ့ကျွန်ယုတ်"

အင်းဝဘုရင် ဇင်းမယ်စားရဲ့သဝဏ်လွှာကို

မင်းရဲဗလရှေ့ ပစ်ပေါက်လိုက်သည်။နံနက်ခင်းညီလာခံတစ်ခုလုံး တိတ်ဆိတ်မှုကကြီးစိုးသွားပြီး မင်းရဲဗလ အလျှင်အမြန်ဒူးထောက်လိုက်သည်။

"ခမည်းတော် သည်အရေးကိုသားတော်ကိုင်တွယ်ပါရစေ စစ်သည်သုံးရာသာပေးပါ ဇင်းမယ်ကိုခမည်းတော်ရပါစေ့မယ်"

အင်းဝဘုရင်က မင်းရဲဗလကို စူးစိုက်ကြည့်သည်။မျက်နှာတွင်ကား အလိုမကျမှုကအထင်းသား။တခြားသားတော်တွေနှင့်မတူ မင်းရဲဗလမင်းသားက အင်းဝဘုရင်နှင့်ရုပ်ဆင်းအင်္ဂါမတူသည့်အတွက်ကြောင့် ငယ်စဉ်ကပင်

အင်းဝနန်းတွင်းတွင် အနှိမ်ခံခဲ့ရသည်။အင်းဝဘုရင်ရဲ့နှစ်သက်မှုကိုလည်း မခံရ။မျက်လုံးများကအစိပ္ပါယ်ဖော်ရခက်သည်ဆိုသည့် အချက်ကြောင့် အင်းဝဘုရင်ကအရေးမပေးခဲ့။မှူးမတ်တွေကလည်း မင်းရဲဗလမင်းသားကိုမလေးစား။ခြောက်ပါးမြောက်သားတော်ဖြစ်ပေမယ့် ဘုန်းတန်ခိုးအနည်းဆုံးမင်းသားတစ်ပါး ဖြစ်လေသည်။သည်မျှအရေးပါလာသည်မှာ မင်းသားဗလရဲ့ကြိုးပမ်းအားထုတ်မှုကြောင့်ပင်။

နန်းတွင်းမှူးမတ်၊သေနာပတိများကရှင်ဘုရင်ကိုကြည့်ပြီး ရင်ထဲလေးလံနေကြသည်။ယခင်ထဲကမင်းသားဗလကို အင်းဝဘုရင်ကမကြည်ဖြူရသည့်ထဲ ဇင်းမယ်နယ်ကပုန်စားဝံ့သည်လေ။ မင်းသားဗလအတွက်နေရာကားဤနန်းတွင်းတွင်သေးငယ်လှသည်။

နန်းစောရှင် နောင်တော်ဗလဒူးထောက်နေသည်ကို ကြည့်နေမိသည်။ကျန်သည့်မင်းသားများကိုကြည့်တော့လည်း မလှုပ်မယှက်ခေါင်းငုံ့၍သာနေသည်။ခမည်းတော်စိတ်မကြည်မသာဖြစ်ချိန်တွင် မည်သူမှအသံမထွက်ဝံ့ကြ။ဆိတ်ဆိတ်သာ နေကြသည်။ပြီးတော့ သည်ဇင်းမယ်အရေးကနောင်တော်ဗလ ခမည်းတော်ရဲ့ချစ်ခင်မှုကိုရနိုင်မည့်အရေး ဖြစ်နိုင်သည်။မင်းရဲဗလကိုအခွင့်အရေးပေးသင့်သည်။

"ဇင်းမယ်အရေးက ညီတော်ဗလကိုင်တွယ်နိုင်မှာပါ ခမည်းတော် သားတော်လည်းညီတော်ဗလကိုအားဖြစ်ပေးပါ့မယ်"

မင်းရဲကျော်ထင်လည်း ဒူးထောက်ပြီးလျှောက်တင်သည်။သားတော်ကြီးမင်းရဲကျော်ထင် ဝင်ပါလာတော့ အင်းဝဘုရင်စိတ်အတန်ငယ်

ပြေလျော့သွားသည်။မင်းရဲဗလကို ကြည့်လိုက်ပြီးသန်လျက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်သည်။

"ကောင်းပေပြီ သားတော်တို့ထလေရော့ သားတော်ဗလ လိုသလောက်

စစ်သည်ယူသွား ဇင်းမယ်ကိုအရသိမ်း ခမည်းတော်အောင်ပွဲကိုစောင့်နေမယ်"

"မှန်လှပါ ခမည်းတော်"

မနက်ခင်းညီလာခံက ဇင်းမယ်ကိုစစ်ချီမည့်အရေးနှင့် အဆုံးသတ်သွားသည်။အင်းဝဘုရင်က ဘုရင့်နန်းဆောင်ကိုကြွချီသွားပြီ။မှူးမတ်များဝန်ကြီးများကလည်း ညီလာခံတွင်မရှိကြတော့။

အင်းဝမင်းသားငယ်များသာ ညီလာခံတွင်ကျန်ရစ်သည်။

"ဗလ ဇင်းမယ်အရေးအောင်နိုင်ရင်တော့ ခမည်းတော်ကညီတော့်အပေါ်ချစ်ခင်လာမှာပါ"

မင်းရဲကျော်ဇော မင်းရဲဗလပခုံးကိုဆုပ်ကိုင်ကာခပ်ပြုံးပြုံးပြောသည်။ခမည်းတော်က သားတော်အားလုံးကိုချစ်ခင်ပေမယ့် မင်းရဲဗလအပေါ်တွင်တော့အမြင်မကြည်လျက်ရှိသည်ကို သိသည်။ မင်းရဲကျော်ဇောရဲ့အပြုံးထဲတွင် ကြင်နာမှုများယိုဖိတ်နေသည်။

မင်းရဲဗလ ထိုအကြည့်များကိုမနှစ်သက်။ထိုအကြည့်များက မင်းရဲဗလကိုသိမ်ငယ်စေသည်။

"ညီတော်စွမ်းနိုင်မှာပါ နောင်တော်"

"ကောင်းလေစွ"

ကျန်သည့်မင်းသားငယ်များကလည်း မင်းရဲဗလကိုအားပေးအကြည့်နှင့်ကြည့်ကြသည်။

သည်တိုက်ပွဲက တခြားတိုက်ပွဲများနှင့်မတူသည်မှာ မင်းရဲဗလမယ်တော်က ဇင်းမယ်သူဖြစ်နေသောကြောင့်ပင်။မင်းရဲဗလအတွက် ရန်သူမမည်သောရန်သူကို တိုက်ရသကဲ့သို့ဖြစ်နေလိမ့်မည်။ အင်းဝမင်းသားများက

မင်းရဲဗလကိုနှစ်သိမ့်ကြသည်။

မင်းရဲဗလ ဘေးတွင်ဝန်းရံနေတဲ့လူထုကိုကြည့်ပြီး စိတ်ထဲရှုံ့ရှာမှုကိုခံစားနေရသည်။သည်လိုအားပေးကြတာက မင်းရဲဗလကိုအရေးမပေးခံရသည့် မင်းသားဆိုသောအချက်ကို ပို၍ပေါ်လွင်စေသည်လို့ ခံစားရသည်။

သည်နေရာတွင်သာ နောင်တော်ကြီးမင်းရဲကျော်ထင် ဖြစ်လျှင်ကျန်သည့် မင်းသားငယ်များက လေးစားအားကျသည့်အကြည့်မျိုးကိုသာ ပေးလိမ့်မည်။မင်းရဲဗလဖြစ်နေသည့်အတွက်ကြောင့်သာ နှစ်သိမ့်အကြည့်များသာရသည်။မင်းရဲဗလ ခါးသီးမှုကိုမြိုသိပ်ရင်း ပြုံးနေလိုက်သည်။

'မလိုတော့ဘူး သည်လူတွေကျရှုံးဖို့မလိုတော့ဘူး ငါသာလျှင် အင်အားအကြီးဆုံးဖြစ်လာလိမ့်မယ်'

***

(၅)

နေရောင်ကား စူးရှတောက်ပနေသည်။နန်းစောရှင်ရဲ့နဖူးတွင် ချွေးတို့က တစက်စက်။ကြီးမားသည့် မန်ကျည်းပင်ရိပ်ကတောင် နန်းစောရှင်တို့အင်း ဝမင်းသားတစ်သိုက်ကို အေးရိပ်မပေးနိုင်။စိတ်အားထက်သန်မှုတွေက မျက်လုံးထဲတွင်ပေါ်လွင်နေပြီး တိုက်ကြက်ဖနှစ်ကောင်ဘေးမှ အပြင်းအထန် အော်ဟစ်အားပေးနေကြသည်။သန်မာသည့်တိုက်ကြက်ဖ နှစ်ကောင်ရဲ့တောင်ပံခတ်သံတွေက တဖျတ်ဖျတ်။ခုန်ကာခုန်ကာ အပြင်းအထန် ခွပ်ကြသည်။မင်းရဲကျော်ထင်ရဲ့တိုက်ကြက်ဖက သခင်ရဲ့ အရှိန်အဝါအတိုင်းသန်မာပြီး အားကြီးသည်။နန်းစောရှင်ရဲ့တိုက်ကြက်ဖက လျင်မြန်ပြီးဖျတ်လတ်သည်။နေပျောက်မကျသည့်မန်ကျည်းပင်ရိပ်တွင် တိုက်ကြက်ဖနှစ်ကောင်က အားမာန်အပြည့်ခွပ်နေကြသည်။

"ဖွေ့သားစိန်လေး ခွပ်လိုက်စမ်း"

ကျန်သည့်နောင်တော်၊ညီတော်များကဘေးတွင်ဝိုင်းကာ အားပေး နေသည်။နန်းစောရှင်ရဲ့ငွေခြေချင်းမှခြူသံက အော်ဟစ်အားပေးနေသည့်လူ အုပ်ကြားတွင် မထင်မရှား။နန်းစောရှင်ရဲ့တိုက်ကြက်ဖက ပန်းလာပြီ။ ဖျတ်လတ်မှုကသိသိသာသာကို လျော့နည်းလာပြီးမင်းရဲကျော်ထင်ရဲ့ တိုက်ကြက်ဖ ပြုသမျှနုနေရသည်။နောက်ဆုံးတွင်တော့ မင်းရဲကျော်ထင်ရဲ့ တိုက်ကြက်ဖခုန်ကာခွပ်လိုက်အပြီးမှာ နန်းစောရှင်ရဲ့ကြက်ဖလေးက မလှုပ် နိုင်တော့ပေ။

နန်းစောရှင် ကြက်နှစ်ကောင်ကြားအလျင်အမြန်ဝင်လိုက်ပြီး သူ့ကြက်ဖ

လေးကိုကောက်ပွေ့လိုက်သည်။နန်းစောရှင်မျက်နှာလေးက ညိုးငယ်နေပြီး မလှုပ်တော့သည့်ကြက်ဖလေးကိုသာ ပွတ်သပ်နေသည်။

"ညီထွေးငယ် ရှုံးပြီနောင်တော်ကြီး"

မင်းရဲကျော်ထင်က နန်းစောရှင်ရဲ့ပခုံးကိုပုတ်လိုက်ပြီး ခပ်ပြုံးပြုံး ပြောသည်။

"အရှုံးကိုလက်ခံနိုင်တာလည်း ယောကျာ်းကောင်းပေဘဲ ညီထွေးငယ်ရဲ့"

ထိုအခါမှသာ နန်းစောရှင်ပြုံးပြီးနောင်တော်ကြီးကျော်ထင်ကို လေးစား အားကျသည့်အကြည့်နှင့် ကြည့်လိုက်သည်။နောင်တော်ကြီးက ကျင်စွယ် မုတ်ဆိတ်မွေးရေးရေးနှင့် လေးနက်တည်ကြည်သည့်လူချော ဖြစ်သည်။ စူးရှသည့်မျက်ဝန်းက မြင်ရသူအပေါင်းကိုခံ့ညားကြောက်ရွံ့စေပြီး မရေးမနှောင်းပင်နူးညံ့သိမ်မွေ့မှုကို ခံစားရစေသည်။ဒါဟာ နောင်တော်ကြီး တွေရဲ့အားသာချက်ပင်။

"နောင်တော်ကြီး နောင်တော်ကြီးရဲ့ကြက်ဖကအရမ်းတော်တာဘဲ ကြက်ဖ ကိုတော်အောင်လုပ်လို့ရမယ့်လျှို့ဝှက်ချက်များရှိရော့သလား"

"ရှိတာပေါ့"

"ညီထွေးငယ်ကို ပြောပြ"

နန်းစောရှင် စိတ်လှုပ်ရှားမှုကြောင့် မျက်လုံး

လေးတွေတောက်ပလာပြီး မင်းရဲကျော်ထင်ကိုအားကိုးတကြီး ကြည့်သည်။

မင်းရဲကျော်ထင်ရဲ့ ရဲရင့်ထက်မြတ်သည့်မျက်လုံးလေးတွေက အပြုံးရိပ် လေးတွေသန်းသွားပြီး နန်းစောရှင်ရဲ့စုလည်းဆံပင်လေးကိုအသာအယာ ဖွသည်။

"အင်း ညီထွေးငယ်တောင်သျှောင်ထုံးရမယ့်အရွယ်ရောက်ပါပြီရော့လား"

"နောင်တော်ကြီး ပြောပြပါဆို"

"သည်တစ်ခါဇင်းမယ်တိုက်ပွဲပြီးရင် ပြောပြမယ် ညီထွေးငယ်"

"ညီထွေးငယ် မှတ်ထားလိုက်ပြီပ"

"ကဲ ညီထွေးငယ် ဘယ်အချိန်များမှနောင်တော်ကြီးကိုနိုင်ပါရော့မလဲ နောင်တော် ညီထွေးငယ်ဘက်ကလောင်းထားသမျှ ကုန်ပေပြီ"

မင်းရဲကျော်ဇော လက်ထဲကအသပြာထုပ်လေးကို နောင်တော်ကြီးကျော်ထင် လက်ထဲထည့်ပေးပြီး သက်ပြင်းလေးချကာပြောသည်။မင်းရဲဝဏ္ဏာ၊ မင်းရဲစက္ကတို့ကလည်း နန်းစောရှင်ကိုပြုံးတုံ့တုံ့ကြည့်လေသည်။

"နိုင်မှာ နိုင်မှာ ဇင်းမယ်တိုက်ပွဲပြီးရင် နောင်တော်ကြီးနဲ့နောက်တစ်ခါ ကြက်တိုက်ဦးမယ် အဲ့သည်အခါနိုင်မှာပ"

"ဟား ဟား အဲ့သည်အခါလည်းညီထွေးငယ်ဘက်က နောင်တော်လောင်းမယ်ပ"

"ညီထွေးငယ်ဘက်ကလောင်းရင်း နောင်တော့်အိမ်ကိုအသပြာပါမသွားရင် ညီထွေးငယ်မရီးတော်တော့ငြိုငြင်ဦးပ့ါမလေ"

နန်းစောရှင် မျက်နှာကနီရဲလာပြီး နောင်တော်စက္ကကိုခပ်တင်းတင်း ကြည့်ကာ ခြေဆောင့်ရင်းပြောလိုက်သည်။ခြေဆောင့်လိုက်သောကြောင့် ငွေခြေချင်းသံလေးက တချွင်ချွင်ထွက်ပေါ်လာသည်။

"နောင်တော်တို့ကိုဘယ်သူက ညီထွေးငယ်ဘက်ကလောင်းခိုင်းလို့လဲ"

ညီထွေးငယ်ကြောင့် နောင်တော်တို့ရယ်မောသံများက မင်းရဲကျော်ထင်ရဲ့ အိမ်တော်ဝန်းအနှံ့လွှင့်စင်သွားလေသည်။

***

နန်းစောရှင် ကြက်ကလေးကိုပိုက်ပြီးဆင်ကျုံးရှိရာ လျှောက်လှမ်းလာသည်။ဆင်ကျုံးကသာမန်အချိန်များထက် အလုပ်များနေကြသည်။ဆင်ဦးစီးများက မင်းရဲကျော်ထင်စီးမည့် အားမာန်ကြီးသည့်ဆင်တော်ကို ပြင်ဆင်ပေးနေကြသည်။

မင်းရဲကျော်ထင်ရဲ့ဆင်တော်က မင်းရဲကျော်ထင်သက်တော်ဆယ့်နှစ်နှစ်အရွယ်တွင် အမရပူရအနီးရှိတောတွင်းမှ လက်ရဖမ်းမိခဲ့သည့်ကေသရာအမည်ရှိဆင်တော် ဖြစ်သည်။မင်းရဲကျော်ထင်နှင့်ဆို သွေးသောက်ရဲဘက်၊ သံချပ်ကိုယ်ဝတ်တန်ဆာများဝတ်ဆင်ထားသည့် ကေသရာဆင်တော်က အင်းဝစစ်တပ်အတွက် ဂုဏ်ယူဖွယ်ရာအရှိန်အဝါများဝံ့ဝံ့ကြွားကြွား။

မင်းရဲဗလရဲ့မြင်းစစ်သည်များကလည်း တပ်မအလိုက်ပြင်ဆင်မှုများပြုလုပ်နေကြသည်။သည်မြင်ကွင်းက အင်အားကြီးတိုင်းပြည်ရဲ့စစ်ထွက်တော့မည့်မြင်ကွင်း၊အာဏာစက်ကိုထိပါးသူမှန်သမျှ နေဝင်စေမည့်မြင်ကွင်း၊အင်းဝဘုန်းတန်ခိုးအာဏာကို အစွန့်ရှည်စေမည့်မြင်ကွင်း။

နန်းစောရှင် ရင်ထဲအားရကျေနပ်မှု မာန်မာနများအပြည့်။

ဗညားသတိုးက ဇမ္ဗူကိုငှက်ပျောသီးများ ကျွေးနေသည်။ရင်းနှီးနေသည့်ခြေချင်းခြူသံလေးကြားတော့ ဗညားသတိုး လှည့်ကြည့်လာသည်။နန်းစောရှင်မင်းသားရဲ့မျက်နှာလေးက ရှင်းသန့်နေပြီး နှစ်လိုဖွယ်ကောင်းသည်။မျက်လုံးလေးတွေကတော့ နဂါးသွဲ့ကျောက်အလား ကြည်လင်စွာတောက်ပနေသည်။

"အသင် ငါရောဝတီမြစ်ကမ်းဘေးသွားလိုတယ်"

"အရှင့်သား သည်အချိန်ကတိုက်ပွဲအတွက်ပြင်ဆင်နေချိန်ပါ ယခုချိန်မြို့တော်အပြင်ဘက်ထွက်လိုတာကအန္တရာယ်များလွန်းပါတယ်"

"အသင် နောင်တော်ကြီးတွေကမအားမလပ်ရှိနေတယ် သို့ပေမယ့်ငါသွားလိုတယ်"

ဗညားသတိုး နန်းစောရှင်ရဲ့မျက်ဝန်းလှလှလေးများဆီက အသနားခံသည့်အရိပ်အယောင်များကိုမြင်တော့ မငြင်းရက်နိုင်တော့။

"ကောင်းပေပြီ အရှင့်သား ကျွန်တော်မျိုးပါလိုက်ခဲ့ပါရစေ"

နန်းစောရှင် မျက်လုံးလေးတွေလိမ့်ကာစဉ်းစားပြီးသဘောတူကြောင်းအသံပြုလိုက်သည်။

"အင်း"

နန်းစောရှင်ရဲ့အပြုအမူလေးက ချစ်ဖွယ်ကောင်းလွန်းလို့ ဗညားသတိုးပြုံးမိသွားသည်။ဇမ္ဗူပေါ်နန်းစောရှင် တက်ကာဆင်ဦးကင်းထက်၌ ထိုင်လေသည်။ဗညားသတိုးကဆင်တော်ဘေးကပ်ရပ်တွင် လိုက်ပါကာလမ်းလျှောက်သည်။

"အသင် ဇမ္ဗူပေါ်တက်ပါလေ"

"မသင့်တော်ပါဘူး အရှင့်သား"

နန်းစောရှင်က အလိုမကျဟန်မျက်မှောင်လေးကြုံ့လေသည်။

"ငါက ငါ့သားစိန်ကိုပွေ့ထားတာ ဆင်တော်ကိုဘယ်သူကဦးကင်းထိန်းရော့မလဲ"

"သားစိန်"

ဗညားသတိုး နန်းစောရှင်လက်ထဲက ကြက်ကိုတစ်လှည့်နန်းစောရှင်ကိုတစ်လှည့် ကြည့်ကာသဘောပေါက်ပြီး ပြုံးလိုက်သည်။

"မရှိမသေပြုမိပါပြီ အရှင့်သား"

ဗညားသတိုး ဇမ္ဗူပေါ်တက်လိုက်ပြီး နန်းစောရှင်အနောက်မှ ကပ်

လျက်ထိုင်လေသည်။နန်းစောရှင်ကျောက ဗညားသတိုးရင်ပြင်ကျယ်ကိုထိကပ်နေလျက် ဗညားသတိုး ရင်ကိုအမည်မသိခံစားချက်အားဝင်ရောက်နေရာယူစေသည်။ဗညားသတိုး ဇမ္ဗူကိုယ်အားခြေဖြင့် ခတ်လျက်သွားရန်အမိန့်ပေးလိုက်သည်။

သည်အတိုင်းသွားလာရန်နှင့် တိုက်ပွဲတွင်းမဟုတ်ပါက ဆင်တော်အားခြေခတ်၍သာထိန်းနိုင်ကြောင်းကိုတော့ မင်းသားငယ်သိအောင်မပြောဝံ့ပါလေ။

ဆင်တော်ဇမ္ဗူကား လိမ္မာလိုက်ပါဘိ။ဆင်တော်စီးရသည်က လွန်စွာသက်တောင့်သက်သာရှိသည်။နန်းစောရှင်ရဲ့ကုပ်ပိုးဖွေးဖွေးလေးကို ဗညားသတိုးမြင်ရသည်။နူးညံ့သိမ်မွေ့လွန်းသည့်နန်းစောရှင်ရဲ့အသားအရည်မျိုးကို ဟံသာဝတီနန်းတွင်းမှာတောင် ရှာမတွေ့နိုင်ပါလေ။

'အင်း နန်းစောကလျာဏီမိဖုရားကမောသူဖြစ်လေတော့လည်း'

ဇမ္ဗူက ဧရာဝတီမြစ်ကမ်းရှိ သဖန်းပင်အောက်တွင် ရပ်လိုက်သည်။ဗညားသတိုးက အရင်ဆင်းပြီးနန်းစောရှင်မင်းသားဆင်းနိုင်စေရန်လက်ကမ်းပေးသည်။နန်းစောရှင်က ဆင်တော်အပေါ်မှ ပေါ့ပါးစွာခုန်ဆင်းလိုက်သည်။ဗညားသတိုး လေထဲရှိလက်အား ပြန်ရုတ်ကာ ခေါင်းငုံ့ထားလိုက်သည်။

"အရှင့်သား သည်ကိုလာတာဘာအကြောင်းကြောင့်ပါလဲ"

"ငါ့သားစိန် သေပြီ ငါကသူ့ကိုမြေမြှုပ်ပေးရော့မလို့"

နန်းစောရှင်က ကြက်ဖအားကြည့်ကာဝမ်းပန်းတနည်း ကြည့်သည်။နဖူးတွင် ချွေးစို့နေပြီး မျက်လုံးလေးတွေကညှိုးငယ်နေသည်။

"ရော့ ခဏကိုင်ထား"

နန်းစောရှင် ကြက်ဖလေးအား ဗညားသတိုးလက်ထဲထည့်ပေးပြီးမှ နန်းစောရှင်သဖန်းပင်အောက်တွင် ကျင်းတူးရန် မြေနေရာလိုက်ရှာသည်။ဗညားသတိုး ကြက်ဖလေးကိုကိုင်ထားပြီး နန်းစောရှင်မင်းသားလက်ဗလာနှင့် ကျင်းဘယ်လိုတူးမလဲဆိုတာတွေးပြီး ပြုံးလိုက်သည်။နန်းစောရှင်စိတ်တိုင်းကျသည့်နေရာတွေ့တော့ တူးစရာကရိယာပါမလာတာကို သတိရလိုက်သည်။

"ဟဲဟဲ အသင် အသင့်ထံမှာ ဓားတို့ဘာတို့မပါလေရော့သလား"

"ပါတယ် အရှင့်သား"

ဗညားသတိုး ကြက်ဖလေးကိုမြေပေါ်ချလိုက်ပြီးခါးပိုက်ထဲမှ လက်ဖဝါးအရွယ်ဓားလေးတစ်ချောင်းကို ထုတ်လာသည်။

"အရှင့်သား သက်သက်သာသာထိုင်ပါလေ ကျွန်တော်မျိုး ကျင်းတူးပေးပါ့မယ်"

"မလိုပေဘူး ငါ့သားသေတာကိုငါကိုယ်တိုင်ကျင်းတူးပြီးမြေချမယ် အသင့်ဓားသာပေး"

နန်းစောရှင် လက်ဖဝါးလေးဖြန့်ကာတောင်းသည်။လက်ဖဝါးလေးက နုဥနေပြီးလက်ချောင်းထိပ်လေးများမှ အသားမာလေးများက စောင်းသမားမှန်းသိသာစေသည်။ဗညားသတိုးလက်ကလေးကို ငေးကြည့်နေမိတော့ နန်းစောရှင် ဓားလေးကိုဆွဲယူပြီး ဆောင့်ကြောင့်ထိုင်ကာ စတင်ကျင်းတူးသည်။နန်းစောရှင်ရဲ့လက်ဖဝါးနုနုလေးက ချွေးထွက်လာပြီး ထင်သလောက် အရာမတွင်ဖြစ်နေသည်။အချိန်တချို့ကုန်လွန်လာပြီဖြစ်ပေမယ့် မြေကအရာမယွင်းသေး။နန်းစောရှင် စိတ်တိုလာကာမတ်တပ်ရပ်လိုက်ပြီး ဓားကိုမြေပေါ်ပစ်ပေါက်လိုက်သည်။ခြေကိုဆောင့်လိုက်ပြီး ဗညားသတိုးဘက်လှည့်လာသည်။

"အသင် တူးပေရော့ ငါမတူးနိုင်တော့ဘူး"

နန်းစောရှင်ရဲ့အလိုမကျဟန်မျက်နှာလေးက မုန့်အချိုမစားရတဲ့ကလေးလေးကဲ့သို့ ချစ်စရာကောင်းသည်။နှင်းဆီသွေးခြယ်သည့်ပါးပြင်လေးက နီရဲနေပြီးနန်းစောရှင်ကို ချစ်စရာကောင်းအောင် ထောက်ပံ့ပေးနေသည်။ဗညားသတိုးရဲ့ရင်ထဲ ပျားရည်ထိသည့်သစ်သီးလေးတစ်လုံးစားရသလို ချိုမြိန်နေပြီး နှုတ်ခမ်းထောင့်တို့က ကော့တက်လာပြန်သည်။ဗညားသတိုးမြေပြင်ပေါ်က ဓားလေးကိုကောက်ကိုင် လိုက်သည်။

"အရှင့်သား အမိန့်အတိုင်းပါ"

ဗညားသတိုး သဖန်းပင်ဘေးမှ အပင်ငယ်ကိုဆွဲနှုတ်လိုက်သည့်အခါ အမြစ်ကပါ ပါလာပြီးမြေမြုပ်လို့ရမည့် ကျင်းအနေအထားဖြစ်သွားသည်။အပင်ကိုဘေးချကာ အနည်းငယ်ပြုပြင်လိုက်တော့ ကျင်းကအဆင်ပြေသွားသည်။ဗညားသတိုးဘဝတွင် တစ်ခါမှကြက်ကိုမြုပ်ရန်ကျင်းတူးရမည်လို့ထင်မထား။ဗညားသတိုးပြုံးရင်း နန်းစောရှင်ရဲ့မျက်နှာလေးကိုမြင်ယောင်နေမိသည်။

ချွင် ချွင်။

ဗွမ်း။

ရေသံကြား၍ ဗညားသတိုးမြစ်ပြင်ကို ကြည့်မိတော့လှပသည့်မြင်ကွင်းလေးက ဗညားသတိုးအမြင်အာရုံကို ဖမ်းစားသွားသည်။

နန်းစောရှင်မင်းသားငယ်က ဇမ္ဗူဆင်တော်ဦးကင်းထက်တွင် ထိုင်နေပြီးမြစ်ပြင်ကျယ်ထဲတွင် ရေဆော့ကစားနေသည်။နေရောင်က နန်းစောရှင်မင်းသားအပေါ် လှပစွာသက်ဆင်းခနေသည်။နန်းစောရှင်မင်းသားရဲ့တောင်ရှည်ပုဆိုးက ပေါင်ရင်းအထိခါးတောင်းကြိုက်ထားပြီး ဖြူဖွေးသည့်

ပေါင်တံခြေသလုံးလေးကို အတိုင်းသားမြင်နေရသည်။ပိန်သွယ်သည့် ခန္ဓာကိုယ်လေးက နူးညံ့နေပြီးထိကိုင်လိုက်လျှင်ပင် ပဲ့ကြွေသွားမယောင် အတွေးရောက်စေသည်။ဆင်တော်ပေါ်မှ မင်းသားငယ်ကခြေထောက်လေး ကို လွှဲယမ်းပြီးမြစ်ရေပြင်ကိုဆော့ကစားလျက်။

တစ်ခါလွှဲယမ်းလိုက်တိုင်း ငွေခြေချင်းမှသာယာသည့်ခြူသံလေးက တစ်ခါပျံ့လွင့်လာသည်။

ချွင်ချွင်။

သိမ်မွေ့လှပသည့်ခြေချင်းဝတ်လေးထက်က ငွေခြေချင်းက လှုပ်ခါနေပြီး ရေစိုနေသောခြေဖမိုးလေးက လွန်စွာလှပပေသည်။

ဇမ္ဗူကနှာမောင်းနှင့် နန်းစောရှင်ပေါ်ရေပက်ဖြန်းလိုက်သည်။နေရောင် အောက်တွင် သက်တံ့တချို့နေရာယူလာပြီး မြင်ကွင်းကိုပိုလို့လှပစေသည်။ နန်းစောရှင်မင်းသားက အားရပါးရရယ်မောနေသည်။အပူအပင်ကင်းသည့် မင်းသားငယ်လေး ရယ်မောနေသည်မှာ မြင်ရသူအပေါင်းကို စိတ်လက် ပေါ့ပါးစေသည်။ဖြူနုသည့်မျက်နှာလေးက ရေစက်တို့တွဲခိုနေပြီး နက် မှောင်သည့်ကေသာက မျက်နှာလေးပေါ်ကပ်ညှိနေသည်။လှပသည့် မျက်ဝန်းလေးတွေက လခြမ်းလေးသဖွယ် ကွေးညွှတ်နေပြီးရယ်သံချိုချို လေးတွေက ပတ်ဝန်းကျင်ကိုတောင်ချိုမြိန်သွားစေသည်။

ဗညားသတိုး ပင့်သက်ရှိုက်မိသည်အထိ လွတ်လပ်ပေါ့ပါးသည်၊လှပ သည်၊ငယ်ရွယ်သိမ်မွေ့ပေသည်။

သည်မြင်ကွင်းလေးက ဗညားသတိုးရင်ထဲဆန္ဒငယ်လေး တစ်ခု ပေါက်ဖွားလာစေသည်။

‘သည်မင်းသားငယ်လေးကို ထာဝရရယ်မောစေချင်သည်’

ဟု။

***